# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၅)


## နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အရ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပမည်

## တိုင်းရင်းသား ပြည်သူတို့သည် ရွေးကောက်တင်မြှောက်ခွင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ရရှိကြတော့မည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ပြည့်နှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ-

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား သွေးချင်းများခင်ဗျား-

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသားသွေးချင်း သားချင်းအားလုံး ကောင်းကျိုးချမ်းသာ အဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* *

## တိုင်းရင်းသားလူမျိုးအားလုံး ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေစံစား၊ ခံစား

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်စပ်ဒေသအနှံ့တွင် တိုင်းရင်းသားပေါင်းစုံ ပျံ့နှံ့နေထိုင်လျက် ရှိသကဲ့သို့ နယ်စပ်ဒေသအစိတ်အပိုင်းတစ်ခုချင်းတွင်လည်း တိုင်းရင်းသားလူမျိုးများပေါင်းစည်းရောယှက် နေထိုင်လျက်ရှိကြရာ တိုင်းရင်းသားလူမျိုးအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ များသည် တစ်သားတည်းဖြစ်ကာ သမိုင်းကြောင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစား ခဲ့ကြရသည်သာဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ညစ်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

12-2 (01).pmd 1 2/12/2010, 1:47 AM

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်)

## ပြည်ထောင်စု၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေး တိုင်းရင်းသားသွေးချင်းများ၏ ပေါင်းစည်းမှုစွမ်းပကားဖြင့် လက်တွဲဖော်ဆောင်

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ (ယနေ့)သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး အလေးအမြတ်ပြုကြရသည့် ပြည်ထောင်စုနေ့ အခါသမယဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်း ၁၀၀ကျော် ကျွန်ပြုစိုးမိုးမှုအောက်မှ ဆန့်ကျင်ရုန်းထွက်ကာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီး အမြန်ပြန်လည်မွေးဖွားသန့်စင်ပေးနိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွ ရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို တညီတညွတ်တည်း ဖော်ထုတ်ပြသခဲ့မှုကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်တွင် မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့ကြသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားသည့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက် မြတ်နိုးခိုင်မာစွာ ထိန်းသိမ်းရင်း ပြည်ထောင်စု၏အချုပ်အခြာအာဏာပိုင်စိုးမှုကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် မဆုတ်မနစ်ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ မျိုးနွယ်ပေါင်းတစ်ရာကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြရာ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများ ကွဲပြားခြားနားကြသော်လည်း သနားကြင်နာခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကူညီရိုင်းပင်းလိုစိတ်ရှိခြင်း၊ ခွင့်လွှတ်သည်းခံစိတ်ရှိခြင်းတို့သည် တူညီသော သဘောသဘာဝများရှိ၍ ထူးခြားသောဝိသေသဂုဏ်ရည်ပင် ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုး စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေးသတိရှိကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူအပေါင်းက စည်းလုံးညီညွတ်မှု ပေါင်းစည်းမှုစွမ်းပကားတို့ဖြင့် လက်တွဲတည်ဆောက်သွားကြမည်ဆိုပါက ပြည်ထောင်စု၏ ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၁၃-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **မေတ္တသုတ်+ခန္ဓသုတ်** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိ အသိရှိစေဖို့ (ဝစီကံ)
၈း၃၅ တေးပဒေသာ
၈း၄၀ ဘဝအသွင် ကဗျာ့အမြင် (ပြည်သူချစ်တဲ့မြန်မာ့အသံ)
၈း၄၅ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်း)
၁၁း၂၀ အာဆီယံအစီအစဉ် တေးသီချင်း
၁၁း၃၅ ဇာတ်လမ်းပမာ နားဆင်စရာ (သွေးချင်းညီစေ) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၃၆) တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှု အနုပညာ (ပြည်ထောင်စုအလှ)
၁၂း၃၀ ဟန်မျိုးစုံညီ တေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ပထမနှစ်) (ပညာရေးစိတ်ပညာ) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (မြန်မာစာ) သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကပဲ့တင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၃၅ Radio Internet(II)
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ သူ့အကြိုက်သူ့အသွင်(ဖူးဖူးမောင်)
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ကိုယ်ဝန်ဆောင်မိခင်) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ (၂၃) (နိုင်ငံခြားရေးမူဝါဒရဲ့ လက်နက်ကိရိယာများ)
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

## နျူကလီးယားလောင်စာဆီ ၂၀ ရာခိုင်နှုန်း အီရန်ထုတ်လုပ်နိုင်တော့မည် အနောက်နိုင်ငံများ နျူကလီးယားဗုံးများထုတ်မည်ကို စိုးရိမ်ပူပန်နေကြ

တီဟီရန် ဖေဖော်ဝါရီ ၁၁

အီရန်နိုင်ငံအနေဖြင့် ဖေဖော်ဝါရီ ၉ရက်မှစပြီး အဆင့်မြင့်နျူကလီးယား လောင်စာဆီထုတ်လုပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂမှ အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ဖွယ်ရှိသော်လည်း ယင်းကိစ္စကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

### ဆောင်ရွက်

အီရန်နိုင်ငံရှိ နာသန့်နျူကလီးယား စက်ရုံမှ ယူရေနီယံသန့်စင်မှုကို ၂၀ရာခိုင်နှုန်း ပြုလုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ လောလောဆယ် အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှု ၃ ဒသမ ၅ အဆင့်အထိ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ နျူကလီးယားဗုံး ထုတ်လုပ်ရန်မှာ ရှစ်ရာခိုင်နှုန်းသာလိုကြောင်း၊ အဆိုပါနျူကလီးယားစက်ရုံမှ ယူရေနီယံ ၂၀ရာခိုင်နှုန်းအထိ ထုတ်လုပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အီရန်နျူကလီးယားအေဂျင်စီက ရိုက်တာသို့ ပြောကြားသည်။ အီရန်နိုင်ငံက ဖေဖော်ဝါရီ ၇ရက်တွင် တီဟီရန်နျူကလီးယား ဓာတ်ပေါင်းဖိုအတွက် ယူရေနီယံ ၂၀ ရာခိုင်နှုန်း ထုတ်လုပ်နိုင်တော့မည်ဟု ထုတ်ပြန်ကြေညာခဲ့ရာ အနောက်နိုင်ငံများက နျူကလီးယားဗုံးများ ထုတ်လုပ်နိုင်တော့မည်ကိုသိ၍ စိုးရိမ်ပူပန်လျက်ရှိသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

## လူ့စွမ်းအားမြှင့်တင်ခြင်း ဟောပြောပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ခင်မောင်ညို (ဘောဂဗေဒ)နှင့် ပါမောက္ခများက လူ့စွမ်းအားမြှင့်တင်ခြင်း၊ မိမိနှင့်မိမိဝန်ထမ်းများ၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေခြင်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲများကို ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ ၁၀ထပ် အခန်းအမှတ် ၁၀၀၉ ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားစွာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁-၅၇၀၃၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ကြေးနီထုတ်လုပ်မှု ဒုတိယအများဆုံး ပီရူးဖြစ်လာ

လီမာ ဖေဖော်ဝါရီ ၁၁

ပီရူးနိုင်ငံသည် ၂၀၀၉ခုနှစ်က ကြေးနီတန်ချိန် သန်းပေါင်း ၁ဒသမ ၂၇၃မက်ထရစ်တန်ထွက်ရှိခဲ့ရာ ကမ္ဘာပေါ်တွင် ကြေးနီထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်လာကြောင်း ပီရူးအမျိုးသား ရေနံ၊ စွမ်းအင်နှင့် သတ္တုထုတ်လုပ်ရေးဆိုင်ရာအဖွဲ့က ဖေဖော်ဝါရီ ၉ရက်၌ သတင်းထုတ်ပြန်သည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## ဂျက်တိုက်လေယာဉ် ၁၂စင်း ရုရှားထံမှ ဗီယက်နမ် ဝယ်ယူ

မော်စကို ဖေဖော်ဝါရီ ၁၁

ဗီယက်နမ်နိုင်ငံက ရုရှားမှ စွယ်စုံသုံး ဂျက်တိုက်လေယာဉ် ၁၂စင်းဝယ်ယူရန် စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အင်တာဖက်စ်သတင်းဌာနက ဖေဖော်ဝါရီ ၁၀ရက်တွင် ဖော်ပြသည်။

အဆိုပါ တိုက်လေယာဉ်အမျိုးအစားများမှာ အက်စ်ယူ-၃၀(အမ်ကေတူး)ဖြစ်ပြီး ၂၀၁၁နှင့် ၂၀၁၂ခုနှစ်အတွင်း ဗီယက်နမ်ကလက်ခံရရှိမည်ဖြစ်ကြောင်း၊ ယင်းတိုက်လေယာဉ်များသည် ဝေဟင်အတွက်သာမက မြေပြင်တိုက်ပွဲများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စာချုပ်အရ အခြားသော တိုက်လေယာဉ်များနှင့် သက်ဆိုင်သည့် အပိုပစ္စည်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

## နိုင်ငံတကာသတင်းများ

## အိန္ဒိယမော်တော်ကားများ တစ်လအတွင်း စံချိန်တင်ရောင်းချခဲ့ရ

*နယူးဒေလီ ဖေဖော်ဝါရီ ၁၁*

*အိန္ဒိယ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းက ဇန်နဝါရီလအတွင်း မော်တော်ကားစီးရေ ၁ ဒသမ ၁သန်းရောင်းချခဲ့ရာ တစ်လချင်းရောင်းအားမှာ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း အိန္ဒိယသတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။*

*ထိုသို့ မော်တော်ကားရောင်းအား အမြင့်ဆုံးရောက်ရှိခဲ့ခြင်းမှာ ဈေးနှုန်းချိုသာစွာဖြင့် ကားများထုတ်လုပ်ရောင်းချခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် ပြည်တွင်းမော်တော်ကား ရောင်းအားမှာ လွန်ခဲ့သော ငါးနှစ်ကထက် ၄၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အိန္ဒိယမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ (ဆီအမ်)က ပြောကြားသည်။*

***အမ်အင်န်အေ၊ ဆင်ဟွာ***

## မန္တလေးတိုင်း မြင်းခြံခရိုင်၌ မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ စက်မှု(၁)မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက်ဖြနာရီခွဲက မန္တလေးတိုင်း မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာ၌ကျင်းပရာ **(အောက်ပုံ)** မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှ တာဝန်ရှိသူများ၊ မြင်းခြံခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သာမြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးပါဝင်ပြီး မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာမှ စတင်တာထွက်၍ မိုင် ၂၀ ကွာဝေးသည့် တောင်သာမြို့နယ် ဝဲလောင်ဗိုလ်ရာ ညွှန့်ရုပ်တုရှေ့၌ ပန်းဝင်ကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဗိုလ်ရာညွှန့်ခန်းမ၌ကျင်းပရာ ဆုရရှိကြသူများအား မြင်းခြံခရိုင်ဥက္ကဋ္ဌ၊ တောင်သာမြို့နယ်ဥက္ကဋ္ဌနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်

## ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်

*✱ ရှေ့ဖုံးမှ*

ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိသမျှ ပရိုင်းမိတ်တို့အနက် ရှေးအကျဆုံးဖြစ်သော လွန်ခဲ့သည့်နှစ်သန်း(၄၀)ခန့်က လူတူပရိုင်းမိတ်ကို ကမ္ဘာ့ပညာရှင်များက ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ရှာဖွေတွေ့ရှိ အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည့်အတွက် ဤမြေ ဤရေတွင် ပေါက်ဖွားခဲ့ကြသည့် နိုင်ငံသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှည်လျားလှသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းသည် တိုင်းရင်းသား လူမျိုးများအားလုံး၏ သမိုင်းပင်ဖြစ်ပါသည်။

### ရောနှောနေထိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြင့်မားသော တောင်တန်းကြီးများ၊ မြေပြန့်လွင်ပြင်များ၊ သမမျှတသော ရာသီဥတု၊ ကောင်းမွန်သော မြေဆီမြေနှစ်၊ ကျယ်ပြန့်သော ပင်လယ်ပိုင်နက်၊ ရှည်လျားသော ကိုယ်ပိုင်မြစ်ကြီးအသွယ်သွယ်တို့ဖြင့် မြတ်နိုးဖွယ်အတိဖြစ်သည့်အပြင် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတို့ အထူးကြွယ်ဝသည့် နိုင်ငံတော်ကြီး ဖြစ်ပါသည်။ ဤနိုင်ငံတော်ကြီး၏ နေရာဒေသတိုင်းတွင် တိုင်းရင်းသားပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ပျံ့ပျံ့နှံ့နှံ့ ရောနှောနေထိုင်လာခဲ့ကြပါသည်။

အလွန်သာယာဝပြောသော အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့တို့က စစ်ပွဲသုံးကြိမ်ဖြင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ထားခဲ့ကြရာ တိုင်းရင်းသားအားလုံးက ဆတ်ဆတ်ခါ နာကြည်းခဲ့ ကြရပါသည်။ သူ့ကျွန်အဖြစ် ဘုရားထူးရသည်အထိ ချိုးနှိမ်ခြင်းခံခဲ့ရသောဘဝကို ခါးသီးစွာ အတူတကွ တွေ့ကြုံခံစားခဲ့ကြရပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဆန့်ကျင်ရေး စိတ်ဓာတ်တို့ဖြင့် ဇာတိမာန်ထက်သန်လှစွာ တွန်းလှန်ခဲ့သော တိုင်းရင်းသားတို့၏အားမာန်ကြောင့် နယ်ချဲ့တို့သည် မြန်မာ့မြေမှ ဆုတ်ခွာသွားခဲ့ကြရပေသည်။

### အထင်အရှား

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားတို့ သွေးကွဲလျှင် ကွဲသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပြီး တိုင်းရင်းသားတို့ သွေးစည်းလာသည်နှင့်အမျှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီမှာ အထင်အရှားပင် ဖြစ်ပေသည်။

ထို့ကြောင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အသက်နှင့်ထပ်တူ ကာကွယ်စောင့်ရှောက်ကြရပေမည်။

### မျိုးချစ်စိတ်ဓာတ်

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးနှင့် ရရှိထားပြီးဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမှု မရှိစေရေးတို့အတွက် ပြည်ထောင်စုသားတို့သည် နိုင်ငံတော်၏ မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန် အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက် သွားကြရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်ပေသည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းတည်ဆောက်သည့်နည်းတူ နယ်ချဲ့သမားတို့က တပည့်မွေးကာ လက်ကိုင်တုတ်များဖြင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန် ဖန်တီးလာမည့်အရေးကို သတိထားရှောင်ကြဉ်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်ပေသည်။

### ဆုံးဖြတ်ကြ

နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို တိုင်းရင်းသားတို့က တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ကြပြီးနောက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ ယခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပမည် ဖြစ်ပေသည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ရရှိကြတော့မည်ဖြစ်ရာ နိုင်ငံသားတို့၏ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် အများဆန္ဒဖြင့် ဆုံးဖြတ်ကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် ၂၀၁၀ ပြည့်နှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် များဖြစ်သော-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊**
- **တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် ချစ်ကြည်လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

## ကန်တော်ကြီးရှိ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်ဥယျာဉ်ကမ္ဘာ မျှော်စင်ကျွန်း၌ကျင်းပသည့် 547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ **(အပေါ်ပုံ)**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အထူးဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသရောင်းချလျက်ရှိသော ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၁၀ (သောကြာနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ် ချိုနှားဝင် |
| ၇း၄၅ | ၇။ | **အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အိုင်စီတီသုတ |
| ၄း၂၀ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၃၅ | ၅။ | မဟာဂီတ ချိုကြည်မြ |
| ၄း၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၅း၁၅ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၂၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေခဲပြင်မရှိတော့တဲ့ အာတိတ်ဒေသ** (အပိုင်း-၄) |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၃။ | **ရွှ**ဟာသဇာတ်လမ်းတွဲ **စတုဂံ** ဖွဲ့နှောင်၊ ခင်လင်းညို၊ မိုးကောင်း |
| ၆း၅၀ | ၁၄။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း**(အပိုင်း-၁၇) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | စိုက်ပျိုးသုတ |
| | ၂၁။ | ရှင်သန်နေသောသီချင်းများ တေးရေး-ကေအေတီ၊ Rခိုင်၊ ရွှေဂျော်ဂျော်၊ ဘိုဘို **အချစ်သို့တည်ရာ** (အပိုင်း-၁) |
| | ၂၂။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂၀) |

## မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့် ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသန့်စင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်း<br>ရောင်းဝယ်ရေးလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာဦးသိန်းကြူ<br>ပါမောက္ခ/ဌာနမှူး<br>သွားတုဆေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(ရန်ကုန်)ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ကျေးလက်အလှူရှင် စက်ရေတွင်းသစ်ဖွင့်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၁**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇီးတောအုပ်စု ဇီးတောကျေးရွာ ကျေးလက် စက်ရေတွင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီတွင် ကျင်းပသည်။

စက်ရေတွင်းသစ်ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း အင်အား ၅၀၀ခန့်တက်ရောက်ခဲ့ပြီး အဆိုပါ ၂လက်မ× ပေ၄၀၀ရှိ စက်ရေတွင်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

❍ *ကျောဖုံးမှ*

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်ပေါ်တွင် အရင်းခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားကို စုံစုံညီညီ တက်ရောက်လာကြသည့် တိုင်းရင်းသားအားလုံးနှင့်အတူ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ယခုကဲ့သို့ ဖွင့်လှစ်ခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပထမ ပြောကြားလိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## တည်ဆောက်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ မြင့်မားစေရေးအတွက် လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးပြီးသည့်နည်းတူ ၂၀၀၈ခုနှစ်တွင် ပြည်သူတို့က တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်အရ မြန်မာနိုင်ငံ၏ ဒေသအသီးသီးနှင့် ဆက်သွယ်သွားလာမှု လွယ်ကူသည့် ဗဟိုဒေသ၌ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို တည်ဆောက်ပေးခဲ့ကြောင်း။

နေပြည်တော်သည် တိုင်းရင်းသားအားလုံး စုဝေးတွေ့ဆုံရာ ဒေသဖြစ်လာသည်နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တစ်နေရာတည်းတွင် တစုတဝေးတည်း ထိတွေ့ခံစားနိုင်ရန်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ အလားတူပင် ၂၀၀၂ ခုနှစ်က ရန်ကုန်မြို့၌ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာနှင့် ၂၀၀၆ခုနှစ်က ပြင်ဦးလွင်မြို့၌ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့ကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးစံများကို မြင်တွေ့သိရှိနိုင်ရန် ပြတိုက်ကြီးများပမာ တည်ဆောက်ပေးခြင်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သမိုင်းရှည်လျားစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများသည် အချင်းချင်း၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အပြန်အလှန် လေးစားပြီး ချစ်ခင်ရင်းနှီးမှုများ ပိုမိုဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ ထို့အပြင် အထိမ်းအမှတ်ဥယျာဉ်များကြောင့် ခိုင်မာသည့် ပြည်ထောင်စု စိတ်ဓာတ်သည် သားစဉ်မြေးဆက် စီးဆင်းသွားမှာပင်ဖြစ်ကြောင်း။

## လေ့လာခံစားနိုင်

ယနေ့ဖွင့်လှစ်သည့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)ကို ဇေယျာသီရိမြို့နယ်အတွင်း မြေဧက ၄၀၀ ကျော် အပေါ်၌ ၂၀၀၈ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့ကစပြီး မြန်မာနိုင်ငံမြေပုံနှင့် အလားသဏ္ဌာန်တူသည့် ပြည်ထောင်စု ပုံစံငယ်အဖြစ် အကွက်ချ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တည်ရှိနေကြသည့် အထင်ကရ စေတီပုထိုးများ၊ သဘာဝအလျောက် ဒေသ၏ သင်္ကေတပမာဖြစ်ပေါ်နေသည့် တောင်များ၊ ရေကန်ကြီးများ၊ ရေတံခွန်ကြီးများ၊ လိုဏ်ဂူများ၊ ကမ်းခြေများနှင့် ကျွန်းများပါဝင်သည့် ဒေသအလိုက် ပြကွက်များကို ပုံစံတူများဖြင့် တည်ဆောက်ထားကြောင်း၊ ပြကွက်အသီးသီး၌ သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ နေ့စဉ်လူနေမှုဘဝကို ဖော်ပြနေသည့် ရိုးရာအိမ်များ၊ ရိုးရာအစားအစာများကို ရောင်းချပေးသည့် စားသောက်ဆိုင်များနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုစီးပွားရေးဘဝများကို လေ့လာနိုင်မည့် ပညာပေးပြခန်းများကို လေ့လာခံစားနိုင်ကြမှာဖြစ်ကြောင်း။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)အတွင်း ခေတ်မီကလေးကစားကွင်းနှင့် ခန်းမများ၊ ရေလွှာလျှောစီး၊ ပုလဲငုပ်စသည့် ပျော်ရွှင်ချမ်းမြေ့ဖွယ် အပန်းဖြေ နေရာများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတကာ အပန်းဖြေဥယျာဉ်များ၏ အင်္ဂါရပ်များကို ဖြည့်စွက်တည်ဆောက်သွားဦးမှာဖြစ်ကြောင်း၊ ဤဥယျာဉ်ကြီး တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ ကိုးဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုကြောင်း။

## အပန်းဖြေပျော်ရွှင်နိုင်

အချုပ်အားဖြင့် ပြောကြားရလျှင် အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ လေ့လာအပန်းဖြေကြသူအားလုံးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ဖြစ်ထွန်းကြပြီး ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့်အတူ ပတ်ဝန်းကျင်၌ ယှဉ်တွဲဖြစ်ပေါ်လျက်ရှိသည့် တိရစ္ဆာန်ဥယျာဉ်၊ တည်ဆောက်ဆဲဖြစ်သည့် စစ်သမိုင်းပြတိုက်နှင့် အားကစားရုံများ၌ တစ်ဖက်က ဗဟုသုတအဖြာဖြာကို လေ့လာရင်း တစ်ဖက်ကလည်း အပန်းဖြေပျော်ရွှင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)ကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

## အမွှေးနံ့သာပက်ဖျန်း

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ပြသထားသော အထင်ကရ နေရာပြကွက်များကို ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သည် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီးရှိ မြေအကျယ်ဧက ၄၀၀ကျော်ပေါ်၌ မြန်မာပြည်မြေပုံအတိုင်း ပုံစံတူအကွက်ချ၍ ပြည်နယ်နှင့်တိုင်းများရှိ အထင်ကရ စေတီ၊ ပုထိုးများ၊ လိုဏ်ဂူများ၊ မြစ်ကူးတံတားကြီးများ၊ တောင်များ၊ ရေကန်နှင့်အင်းအိုင်များ၊ ဆည်ကြီးများ၊ ရေတံခွန်များ၊ ကမ်းခြေနှင့် ကျွန်းများဖြင့် မြန်မာပြည်၏ ပုံစံငယ်သဖွယ် တည်ဆောက်ထားခြင်းဖြစ်သည်။

## ကချင်ပြည်နယ်ပြကွက်

ကချင်ပြည်နယ်ပြကွက်၌ ခါကာဘိုရာဇီတောင်၊ လီဆူအိမ်၊ ရဝမ်အိမ်၊ ကချင်ရိုးရာအိမ်၊ ဂျိန်းဖောရိုးရာအိမ်၊ အင်းတော်ကြီးဘုရား၊ အင်းတော်ကြီးအိုင်၊ မေခနှင့် မလိခမြစ်ဆုံ၊ ဧရာဝတီမြစ်ကူးဗလမင်းထင်တံတား၊ ကချင်တိုင်းရင်းသားများ၏ ရုပ်တုနှင့် ကချင်ရိုးရာစားသောက်ဆိုင်တို့ ပါဝင်သည်။

ကယားပြည်နယ်ပြကွက်၌ တောင်ကွဲစေတီ၊ ကယားရိုးရာအိမ်များ၊ ဒီမောဆိုမြို့နှင့် ဘော်လခဲမြို့ရှုခင်းတို့ ပါဝင်သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)ကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

## ကရင်ပြည်နယ်ပြကွက်

ကရင်ပြည်နယ်ပြကွက်၌ ကရင်ရိုးရာ ပျဉ်ထောင် ပျဉ်ခင်းအိမ်ကြီးများ၊ သံလွင်

*စာမျက်နှာ ၅ ကော်လံ ၁*

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

တံတား (ဘားအံ)၊ ဖွဲ့ကပင်တောင်၊ မြဝတီမြို့ရှုခင်း၊ သံလွင်မြစ်ရှုခင်း၊ ဖာပွန်-ဘားအံလမ်းတို့ပါဝင်သည်။

ချင်းပြည်နယ်ပြကွက်၌ ဟားခါးမြို့ရှုခင်း၊ တီးတိန်-ဟားခါး-ဂန့်ဂေါ-ချောင်းဦးလမ်း၊ မင်းတပ်မြို့ရှုခင်းနှင့် ရိဒ်ရေကန်ကြီး၏ ရှုခင်းတို့ပါဝင်သည်။

**မွန်ပြည်နယ်ပြကွက်**

မွန်ပြည်နယ်ပြကွက်၌ ကျိုက်ထီးရိုးစေတီ၊ မွန်ရိုးရာအိမ်များ၊ စက်စဲကမ်းခြေနှင့် သံလွင်တံတား (မော်လမြိုင်)တို့ပါဝင်သည်။

ရခိုင်ပြည်နယ် ပြကွက်၌ စစ်တွေမြို့ရှုခင်း၊ ကစ္ဆပနဒီတံတား၊ ကိုးသောင်းပုထိုးတော်ကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ စစ်တွေပွိုင့်မျှော်စင်နှင့် ငပလီကမ်းခြေအလှတို့ပါဝင်သည်။

**ရှမ်းပြည်နယ်ပြကွက်**

ရှမ်းပြည်နယ်ပြကွက်၌ အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီ၊ ကျိုင်းတုံမြို့ရပ်တော်မူဘုရား၊ ပင်းတယဂူဘုရား၊ သံလွင်မြစ်ကူးတံတားများဖြစ်သည့် ကွမ်းလုံ ကြိုးတံတား၊ တာဆန်းတံတား၊ တာကောတံတားနှင့် တာကော်အက်တံတားတို့ ပါဝင်သည်။

နေပြည်တော်ပြကွက်၌ ရေဆင်းဆည်၊ ငလိုက်ဆည်၊ ပေါင်းလောင်းရေလှောင်တမံ၊ ကလေးကစားကွင်း နေပြည်တော်၏ တိုးတက်နေသောပြကွင်း၊ ပြကွက်များနှင့် စက်ခလုတ်နှိပ်၍ ကြည့်ရှုလေ့လာနိုင်သည့် နေပြည်တော်ပုံစံငယ် ပြကွက်တို့ပါဝင်သည်။

**စစ်ကိုင်းတိုင်းပြကွက်**

စစ်ကိုင်းတိုင်းပြကွက်၌ စစ်ကိုင်းတောင်ရိုး၊ ရွှေဘိုနန်းတော်၊ ကောင်းမှုတော်ဘုရား၊ မုံရွာမြို့ရှုခင်း၊ ရှေးမြန်မာအိမ်၊ လေရှီးနှင့် နာဂရိုးရာအိမ်၊ ချင်းတွင်းမြစ်၊ ချင်းတွင်းတံတား၊ ဆင်ဖြူရှင်တံတားနှင့် သဖန်းဆိပ်ရေလှောင်တမံတို့ပါဝင်သည်။

တနင်္သာရီတိုင်း ပြကွက်၌ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှ တောင်တန်းကြီးများ၊ ကျွန်းစုများ၊ မြိတ်မြို့တစ်ဖက်ကမ်းမှ ပထော်ပထက်တောင်နှင့် လျောင်းတော်မူဘုရား၊ ပုလဲကျွန်း၊ မောင်းမကန်ကမ်းခြေ၊ ထားဝယ်မြို့ရှုခင်း၊ ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တု၊ ဘုရင့်နောင်အငူနှင့် ကော့သောင်းမြို့ရှုခင်းတို့ ပါဝင်သည်။

**ပဲခူးတိုင်းပြကွက်**

ပဲခူးတိုင်းပြကွက်၌ စစ်တောင်းတံတား၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ ရွှေမော်ဓောစေတီတော်နှင့် နဝဒေးတံတားတို့ ပါဝင်သည်။

မကွေးတိုင်းပြကွက်၌ မကွေးမြသလွန်စေတီတော်၊ ဧရာဝတီတံတား (မကွေး)၊ အနော်ရထာတံတား(ချောက်)၊ မန်းရွှေစက်တော်၊ နဂါးပွက်တောင်၊ မကွေးမြို့ရှုခင်း၊ ပုသိမ် - မုံရွာလမ်း၊ မကွေး-နေပြည်တော်လမ်းနှင့် မကွေး-ချောက်လမ်းတို့ ပါဝင်သည်။

**မန္တလေးတိုင်းပြကွက်**

မန္တလေးတိုင်း ပြကွက်၌ ပုဂံပတ်ဝန်းကျင် ရှုခင်းပုံစံငယ်ပြကွက်၊ ရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ တုရင်တောင်နှင့် လောကနန္ဒာဘုရားတို့ ပါဝင်သည့် စွယ်တော်လေးဆူ ပြကွက်နှင့် ပုဂံနန်းတော်ကြီးပြကွက်၊ မြနန်းစံကျော်ရွှေနန်းတော်၊ ကျုံးမြို့၊ နန်းမြင့်မျှော်စင်၊ သမိုင်းကျောက်စာတိုင်၊ မန္တလေးနန်းတွင်း ပုံစံငယ်၊ မိတ္ထီလာမြို့၊ မိုးကုတ်မြို့နှင့် မန္တလေးတောင်၊ ဧရာဝတီတံတား (ရတနာပုံ)၊ ပုပ္ပားတောင်ကလပ်နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံတူပြကွက်များပါဝင်သည်။

**အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်းပြကွက်**

ရန်ကုန်တိုင်းပြကွက်၌ ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမနှင့် လွတ်လပ်ရေးကျောက်တိုင် ပုံစံတူတို့ပါဝင်သည်။

ဧရာဝတီတိုင်းပြကွက်၌ မော်တင်စွန်းဘုရား၊ ငွေဆောင်ကမ်းခြေ၊ ငဝန်မြစ်ကူးတံတား၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ် Food Shop တို့ ပါဝင်သည်။

**ဖွင့်လှစ်ထား**

ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအိမ်များနှင့်အတူ ရိုးရာအစားအစာများကိုလည်း ဝင်ရောက်လေ့လာ စားသောက်နိုင်သည့် စားသောက်ဆိုင်များကိုပါ တစ်ပါတည်း တည်ဆောက်ဖွင့်လှစ်ထားသည်။

သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပြကွက်ဧရိယာများ၌ ခေတ်မီကလေးကစားကွင်းများ၊ ကစားခန်းမများ၊ ရေလွှာလျှောစီးနှင့် ပုလဲငုပ်ခြင်းတို့ အပါအဝင် အပန်းဖြေနားနေစရာများပါ တစ်ပါတည်း ပူးတွဲတည်ဆောက်ထားပြီး ရေခဲပြင်စကိတ်ကွင်း၊ ရေလှိုင်းတုကမ်းခြေနှင့် ရှုရပ်မျှော်စင်များ (Viewing Towers) ကို ဆက်လက်တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၌ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တည်ရှိနေကြသည့် အထင်ကရ စေတီပုထိုးများ၊ သဘာဝအလျောက် ဒေသ၏ သင်္ကေတပမာဖြစ်ပေါ်နေသည့် တောင်များ၊ ရေကန်ကြီးများ၊ ရေတံခွန်ကြီးများ၊ လိုဏ်ဂူများ၊ ကမ်းခြေများနှင့် ကျွန်းများ ပါဝင်သည့် ဒေသအလိုက် ပြကွက်များကို ပုံစံတူများဖြင့် တည်ဆောက်ထား၊ ပြကွက်အသီးသီး၌ သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ နေ့စဉ်လူနေမှုဘဝကို ဖော်ပြနေသည့် ရိုးရာအိမ်များ၊ ရိုးရာအစားအစာများကို ရောင်းချပေးသည့် စားသောက်ဆိုင်များနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုစီးပွားရေးဘဝများကို လေ့လာနိုင်မည့် ပညာပေးပြခန်းများကို လေ့လာခံစားနိုင်။**

လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေနဒီရေပေါ်ဈေးတွင် ဈေးသူဈေးသားများ မီးသတ်ဆေးဘူး စနစ်တကျသုံးစွဲရေး သရုပ်ပြဆောင်ရွက်မှုကို ဇန်နဝါရီ ၁၀ရက်က ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၁၀ (သောကြာနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | အစွမ်းထက်သော ပရိတ်များ (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | Science Tech Today |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၉) |
| ၈:၃၀ | Sports World |
| ၈:၅၅ | Activities in the City (မြန်မာနိုင်ငံကျန်းမာရေး သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနား) |
| ၉:၀၅ | ဒါနရှေ့အိုး တူးဖော်ပေးရာ.... |
| ၉:၁၅ | သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး |
| ၉:၄၀ | Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီ အောင်လွင် (အပိုင်း-၄) |
| ၁၀:၃၀ | Activities in the City [အောင်ဆန်းသူရိယ လှသောင်းကျောင်း အထက(၂) မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ] |
| ၁၀:၅၀ | VJ Choice |
| ၁၁:၂၀ | ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် တည်ငြိမ်အေးချမ်း ပျော်ရွှင်ခြင်းနှင့်အတူ.... |
| ၁၂:၀၀ | Shooting Making (အခြစ်နှင့်အချစ်) |
| ၁၂:၁၅ | Activities in the City (မြန်မာနိုင်ငံကျန်းမာရေး သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနား) |
| ၁၂:၄၀ | ဒါနရှေ့အိုး တူးဖော်ပေးရာ.... |
| ၁:၀၀ | အစွမ်းထက်သော ပရိတ်များ (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | သူတို့ပြောတဲ့ သူတို့အကြောင်း ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)နှင့်တွေ့ဆုံခြင်း (အပိုင်း-၂) |
| ၃:၂၀ | အလှဆင်စရာ ပရိဘောဂကမ္ဘာ (Three Red Star) |
| ၃:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၉) |
| ၄:၁၀ | Activities in the City [အောင်ဆန်းသူရိယ လှသောင်းကျောင်း အထက(၂) မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ] |
| ၄:၂၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၄:၄၀ | ပြည်ထောင်စု တေးအစီအစဉ် |
| ၅:၀၀ | သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်) ပဲဆီသန့် ဦးစားပေး |
| ၅:၂၀ | Science Tech Today |
| ၅:၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | World of Knowledge (Dangerous Encounters with Brady Barr) |
| ၇:၀၅ | Shooting Making (အခြစ်နှင့်အချစ်) |
| ၇:၃၀ | FMF Selection |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | လုပသစ်ဆန်း အလှပြင်ခန်း (Hello) |
| ၉:၁၀ | ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၉) |
| ၁၀:၀၀ | ၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား |
| ၁၀:၀၅ | ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့... |
| ၁၀:၂၅ | သူတို့ပြောတဲ့သူတို့အကြောင်း ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)နှင့်တွေ့ဆုံခြင်း (အပိုင်း-၂) |
| ၁၁:၅၀ | VJ Choice |
| ၁၂:၁၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၂:၂၅ | တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက |
| ၁၂:၃၅ | အလောင်းတော်ကဿပ လိုဏ်ဂူတော် |
| ၁၂:၅၀ | လက်ဖက်စိုက်တဲ့ရွာကလေး |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## TV Guide ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

TV Guide စာစောင် အတွဲ (၁)၊ အမှတ် (၃၂)ကို ယနေ့ စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေပြီဖြစ်သည့် Multi Max ရုပ်သံလိုင်းတွင် အတ္တဆူး၊ စောရလူစွမ်းကောင်းနှင့် ပျိုကညာကားများအကြောင်းနှင့် တစ်ပတ်စာ အစီအစဉ်များ၊ ချစ်သူများနေ့ အထူးတင်ဆက်ထားသည့် MTV ရုပ်သံလိုင်း၏ Asian Takeaway Valentine's Duets Special အစီအစဉ်၊ တရုတ်နှစ်ကူးအထူးတင်ဆက်ထားသည့် ဂျေချောင်းနှင့် အေမီတို့၏ သီချင်းများကို နားဆင်ရမည့်အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့်ပြသမည့် Twilight, What Happens Vegas, Nim's Island, The Day The Earth Stood Still ရုပ်ရှင်ကားများပြမည့် Star Movies ရုပ်သံလိုင်း၊ FA ဖလားပွဲစဉ်များ ဖြစ်သည့် ခရစ်တယ်ပဲလေ့စ်-ဗီလာ၊ ဘော်လ်တန်-စပါး၊ ဆောက်သမ်တန်-ပို့စ်မောက်၊ ရီဒင်း-ဝက်စ်ဘရွန်း၊ မန်စီးတီး-စတုတ်စီးတီး၊ ချယ်လ်ဆီး-ကာဒစ်၊ ကနေဒါနိုင်ငံတွင် ကျင်းပပြီး ESPN ရုပ်သံလိုင်းတွင် တိုက်ရိုက်တင်ဆက်မည့် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲအကြောင်း၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် တင်ဆက်ပေးမည့် Orangutan Island ၊Young & Wild အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့်တင်ဆက်မည့် World Cafe Asia၊Fun Taiwan 7 အစီအစဉ်များ၊ အစီအစဉ် အားလုံးကို မြန်မာစကားပြော၊ စာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းမှ Secrets of the Parthenon၊ Light at the Edge of the World အစီအစဉ်များ၊Mandalay FM မှ အစီအစဉ်များ၊ အမှတ်တရ ပြန်ကြည့်ကြရမည့် အဆိုတော်မိုးမိုး၏ မင်္ဂလာပွဲဓာတ်ပုံများ၊ ရတနာခင်၊ ဆုပန်ထွာ၊ လှအဥ္ဇလီတင့်၊ ခိုင်နှင်းဝေတို့ အထူးပါဝင် တင်ဆက်ထားသည့် စကားနပန်းအစီအစဉ်၊ လန်းတဲ့ကမ်းခြေလို့ အမည်ပေးထားသည့် FMF စသည့် အကြောင်းများပါဝင်ပြီး တစ်ပတ်စာအစီအစဉ်များ ပါရှိသည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- ❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- ❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- ❑ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၀ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုကို တိုင်းမီးသတ်ဦးစီးမှူး ဦးကျင်သိန်း၊ ထားဝယ်ခရိုင် ရဲမှူးကြီးစိန်မြနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးတို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

# အားမာန်နိုးကြွ လှပသစ်ဆန်း ရွှေရောင်လွှမ်းသည့် နေပြည်တော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများ

➤ သတင်းဆောင်းပါး - လှိုင်ဘွား(ပါရမီ)
➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ညအမှောင်ထုကို ထိုးဖောက်လျက် နေလုံးကြီး တဖြည်းဖြည်းထွက်ပြူလာချိန်မှာပင် အရှေ့အရပ်ဆီမှ ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံထားလျက် ကင်မရာမြင်ကွင်းထဲမှာ သပ္ပာယ်ခံ့ညားစွာနေရာယူထားသည့် ဥပ္ပါတသန္တိစေတီတော်ကြီး၏ပုံရိပ်က ကြည်ညိုဖွယ်ရာ ကောင်းလှတော့သည်။ စေတီတော်ရင်ပြင်ပေါ်မှ လှမ်းကြည့်လိုက်စဉ် ထွက်ပြူစ နေရောင်ခြည်အောက်မှ နေပြည်တော်တစ်ခွင်ရှိ အစီအရီလှပတင့်တယ်နေသော အဆောက်အအုံတို့ကို ထင်ရှားပီပြင်စွာ တွေ့မြင်ရသည်။ ဤကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ မြို့တော် နေပြည်တော်ပင် ဖြစ်ပေကြောင်းကို သပ်ရပ်ခံ့ညားလှသော အဆောက်အအုံများ၊ စနစ်တကျဖွဲ့စည်းထားသော မြို့ကွက်များ၊ အမိုက်သရိုက်ကင်းစင်စွာဖြင့် ပြောင်စင်းလှပလွန်းသော လမ်းမကြီးများ၊ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာလျက် စနစ်ကျနမှုကို အလှအပစွက်ထားသည့် လမ်းဆုံ ကားလမ်းအဝိုင်းများက သက်သေပြနေပေရာ ရှုမငြီးစဖွယ် တင့်တယ်လှပေတော့သည်။ နံနက်စောစော ဘုရားဖူးရန် ထွက်လာခဲ့ရသည့်ခရီးကား "ဘုရားလည်းဖူးရင်း ပီတိလည်းခူးရင်း"ဖြစ်ခဲ့ရပေပြီ။

ခံ့ညားဝင့်ထည်သော လွှတ်တော်အဆောက်အအုံကြီးကိုလည်း ငွားငွားစွင့်စွင့် ဤသို့ တွေ့ရသည်။

## နေ့ချင်းပင် သွားပြန်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ မဟာဗျူဟာအရ အချက်အချာကျလှသည့် ဤနေပြည်တော်ကို အရှေ့ဘက်တွင် ရှမ်းရိုးမတောင်တန်းကြီးကလည်းကောင်း၊ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီးကလည်းကောင်း အနားသတ်လျက်ရှိနေပေရာ သဘာဝ ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်နေတော့သည်။ နေပြည်တော်မှနေ၍ အင်းလေးကန်ရှိရာ၊ သမိုင်းဝင်ဘုရားပုထိုးတို့တည်ရှိရာ အေးမြသာယာလှသော သွေးချင်းတို့ဒေသ ရှမ်းပြည်နယ်တစ်ခွင်သို့ နာရီပိုင်းအတွင်း ခရီးပေါက်နိုင်သလို၊ ကြည်နူးလန်းဆန်း အပန်းဖြေချင်လှပါသည် ဆိုလျှင်လည်း တောင်ပေါ်အပန်းဖြေစခန်းမြို့ဖြစ်သည့် ပြင်ဦးလွင်နှင့် ကလောမြို့တို့သို့ နေ့ချင်းပင် သွားပြန်နိုင်လောက်အောင် နီးစပ်လှပေသည်။ ထိုသို့ပင် ကျန်မြန်မာနိုင်ငံတစ်ခွန်တစ်လျား သွေးချင်းတို့ဒေသများသို့လည်း နေ့ချင်းပေါက် ဆက်သွယ်သွားလာနိုင်သဖြင့် နိုင်ငံတော်လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပေါင်းစပ်လျက် ကွက်ပြည့် ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်သည်။ ထိုနည်းနှင်နှင် သမိုင်းဝင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များရှိရာ မန္တလေး၊ ပုဂံ၊ သရေခေတ္တရာတို့သည်လည်း နေပြည်တော်မှ အလှမ်းမဝေး။ 'ကမ္ဘာ့အစ မြန်မာက' ဟုပြောနိုင်မည့် လူတူပရိုင်းမိတ်များတွေ့ရှိရာ ပုံတောင်ပုံညာဒေသကိုလည်း လက်တစ်ကမ်းသာဖြစ်ပေရာ နေပြည်တော်၏ နည်းပညာခေတ်မီတိုးတက်မှု၊ လူသားဆင့်ကဲဖြစ်စဉ်တွင် ပဓာနကျသည့် အခန်းကဏ္ဍမှ မြန်မာတို့ပါဝင်မှုနှင့် ရိုးရာအမွေအနှစ်ထိန်းသိမ်းနိုင်မှုတို့ ပေါင်းဖက်လျက် ကမ္ဘာကိုလှမ်းတက်နိုင်ကြမည် ဖြစ်ပေသည်။

ဤနေပြည်တော်ကြီးကို အထူးကျက်သရေတက်စေမည့် အကြောင်းအချက်တစ်ခုကား နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူအပေါင်း ဦးခိုက်ပူဇော်ကြရာ ဘဏ်တော်အမြင့် ၃၂၅ပေရှိသည့် ဥပ္ပါတသန္တိစေတီတော်ကြီးပင် ဖြစ်သည်။ နေပြည်တော်တွင်နေထိုင်ကြသူ ဝန်ထမ်းများအပါအဝင် အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးနှင့်ပုံစံတူ ဥပ္ပါတသန္တိစေတီတော်ကြီးကို ရှေးရိုးမြန်မာမှုလက်ရာ၌ ခေတ်မီဗိသုကာနည်းပညာရေယှက်လျက် အံ့မခန်း ကြည်ညိုဖွယ်စေတီတော်ကြီးအဖြစ် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် စတင်၍ပန္နက်တော်တင် ဆောက်လုပ်ခဲ့ရာ ၂၀၀၉ခုနှစ် မတ်လအတွင်း ပြီးစီးခဲ့ပြီး မတ်လ ၉ရက်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့သည်။ ထို့အတူ မဟာပါသာဒဘူမိ ဂန္ဓကုဋ္ဋိ ကျောင်းဆောင်တော်အတွင်း ကိန်းဝပ်စံပယ်သည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် စေတီတော်လိုဏ်တော်အတွင်း ကိန်းဝပ်စံပယ်သည့် ကျောက်စိမ်းဆင်းတုတော် လေးဆူကို ကြည်ညိုသဒ္ဓါပွားနိုင်သကဲ့သို့ ဗုဒ္ဓ၏ ဖွား၊ ပွင့်၊ ဟော၊ စံ စသော စကျင်ကျောက် ရုပ်လုံးကြွရုပ်တုများ၊ ၁၀၈ပေမြင့်သည့် တံခွန်တိုင်တော်၊ မဟာဗောဓိပင်တော်နှင့် ၂၈ဆူသော ပွင့်ရာဗောဓိဥယျာဉ်တော်၊ ၁၀၈ပင်သော ဗောဓိညောင်ဥယျာဉ်တော်၊ ရှင်ဥပဂုတ္တ ကျောင်းဆောင်တော်တည်ရှိရာ မာလိနီမင်္ဂလာရေကန်တော်၊ ဝိသုံဂါမရွှေသိမ်တော်၊ စေတိယပါလ စံကျောင်းတော်၊ သံဃာရာမ အဆောင်များ၊ သာသနာ့မဟာဗိမာန်တော်၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်စသည့် သာသနိကအဆောက်အအုံများကိုလည်း ကြည်ညိုဖွယ်ရာ မြင်တွေ့နိုင်သည်။

## လက်စွမ်းကုန်ပြ

သာသနာတွင် ထူးခြားထင်ရှားသော ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားများကို သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာတွင် နိုင်ငံတော် အကြီးအကဲကိုယ်တိုင် တက်ရောက်၍ ခြိမ့်ခြိမ့်သဲသဲ သာသနာ့အောင်ပွဲ ပူဇော်ဆင်နွှဲနိုင်ခဲ့ပေသည်။ ထို့ပြင် နေပြည်တော်၏ဂုဏ်သတင်းကို မြန်မာ့ဗိသုကာပညာ၊ မြန်မာ့အနုပညာ ပန်း ၁၀မျိုး လက်ရာစုံတို့ဖြင့် လက်စွမ်းကုန်ပြထားသည့် စေတီတော်ကြီး၏ထူးခြားလှသည့် တည်ဆောက်ဖွဲ့စည်းမှုသဏ္ဌာန်တော်ကလည်း ကျက်သရေတိုးတက် လင်းလက်ထွန်းပြောင်စေခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ရောက်လာသမျှ ဧည့်သည်တော်တို့အဖို့ မြန်မာ့သုခမ

နေပြည်တော် ဒက္ခိဏသီရိမြို့၌ တည်ဆောက်လျက်ရှိသည့် Myanmar International Convention Centre ကို တွေ့ရစဉ်။

အနုပညာပြတိုက်ကြီးဟု ဆိုရလောက်သော စေတီတော်ကြီးကို ဖူးမြော်ရေးကိစ္စမှာ လက်လွတ်မခံနိုင်သည့် ကိစ္စပင်ဖြစ်နေတော့သည်။

စေတီတော်ကြီးရှိရာသို့ လာရောက်ဖူးမြော်လိုသော်လည်း အလုပ်တာဝန်မအားလပ်မှုကြောင့် အချိန်ကို သတ်မှတ်ခွဲဝေနေရသူ ဝန်ထမ်းတို့ ရှိခိုးပူဇော် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက်မူ ဓာတုစေယဓာတ်ပေါင်းစုစေတီတော်ကို ဇမ္ဗူသီရိမြို့နယ် နေပြည်တော်မင်္ဂလကုန်းတော်ပြင်ပေါ်တွင် တည်ထားခဲ့ရာ ညနေစောင်း အားလပ်ချိန်များနှင့် ရုံးပိတ်ရက်များတွင်လည်းကောင်း၊ နေ့ကြီးရက်ကြီးများတွင်လည်းကောင်း ကုသိုလ်ရှင် ဝန်ထမ်းများဖြင့် စည်ကားသပ္ပာယ်လှတော့သည်။

ဥပ္ပါတသန္တိစေတီတော်၏ တောင်ဘက်စူးစူးအရပ်တွင်ကား နေပြည်တော်ကြီး စည်ကားဖွံ့ဖြိုးလာအောင် ရှက်ဆောင်ကြိုးပမ်းပေးနေသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီရုံးစိုက်ရာ နေပြည်တော် မြို့တော်ခန်းမကြီးက ထီးထီးမားမား တည်နေလျက်ရှိသည်။ နိုင်ငံတော်အခမ်းအနားကြီးများ ကျင်းပချိန်များတွင် နိုင်ငံတော်တံဆိပ်က တံဆိပ်တပ်ထားသည့် နိုင်ငံတော်တံဆိပ်အောက်မှ ကြီးမားခံ့ထည်လှပြီး ဆိတ်ဆိတ်ငြိမ်သက် ဣန္ဒြေယှက်သည့် နေပြည်တော်မြို့တော်ခန်းမကြီးကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ဆိုသည်မှာ ဤအရာပေတည်းဟု သက်သေပြနေသလို ရှိခဲ့မြဲပင်။ နိုင်ငံတော်အကြီးအကဲ၏ ကြီးမားလှသော အမြော်အမြင်အရ တိုတောင်းလှသော အချိန်အတွင်း နေပြည်တော်ကြီး ရန်းကြွနိုးထလှပလာမှုကို ဤခမ်းနားလှသည့် အဆောက်အအုံကြီးက သက်သေပြနေသလိုသာ ရှိတော့သည်။

## သက်သေပြနေ

နေပြည်တော်မြို့တော်ခန်းမကြီးက ထိုသို့ လှပခံ့ညားသလိုပင် အုပ်ချုပ်ရေးမြို့တော် ဖြစ်သည့်အလျောက် အစိုးရအဖွဲ့ရုံးအပါအဝင် ၅၃ခုသော ဝန်ကြီးဌာနရုံးများကလည်း သီးခြားစီ တည်ရှိပြီး ကြီးမားခံ့ထည်လှသည်။ ရေ၊ မီးစနစ်အပြည့်အစုံနှင့် အဆင့်မြင့်လှသည့် အဆောက်အအုံကိုယ်စီတို့က သပ်ရပ်မှုချင်းပြိုင်လျက် နိုင်ငံတော်ဦးတည်ချက်များကို ပိုင်နိုင်ပြည့်မြောက်စေရန် အားမာန်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် စိတ်လက်ချမ်းသာ နားခိုရာဖြစ်စေခဲ့သည်။ သဘာဝအလျောက်တည်ရှိနေသော မြေမျက်နှာသွင်ပြင်ကို မထိပါးစေဘဲ မြေနိမ့်မြေမြင့် အဆင့်ဆင့်နှင့် အလျှဉ်းသင့်အောင် တည်ဆောက်ထားသည့် သင့်လျော်သော အနီးအဝေးမှ ဝန်ကြီးရုံးဖွေးဖွေးတို့က ဆေးရေးပန်းချီကားတစ်ချပ်သဖွယ် အလှကြွယ်လျက် မြင်ရသူတို့ကို စိတ်လက်ပေါ့ပါး အားသစ်ပွားစေသည်။ ပတ်ဝန်းကျင်ကို အလှဆင်သည့် သစ်တောသစ်ပင်တို့ကို ခုတ်လှဲခြင်းမှ လုံးဝရှောင်ကြဉ်ပြီး နှစ်စဉ် သစ်ပင်စိုက်ပွဲ ကျင်းပမြဲဖြစ်သည့်အလျောက် မိုးအောက်မြေပြင်တွင် မြစိမ်းရောင် ကမ္ဗလာလွှင်ပြင်ကြီးက နေပြည်တော်ကြီးသည် Ever Green City ကြီးအဖြစ်သို့ နီးစပ်သည်ထက် နီးစပ်လာကြောင်း သက်သေကောင်းကောင်း ပြနေပေသည်။

နေပြည်တော်ကို လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိပါသည့် မြို့နယ် ရှစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများအား ဇမ္ဗူသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့တွင် ရေ၊ မီးစနစ် ပါဝင်ပြီးဖြစ်သော နိုင်ငံတကာအဆင့်မီ ခေတ်မီအိမ်ရာများ တည်ဆောက်ပေးကာ ဇေယျာသိဒ္ဓိ၊ ပညာသိဒ္ဓိ၊ မင်္ဂလာသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ ဝဏ္ဏာသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ ဉာဏသိဒ္ဓိ၊ ဓနသိဒ္ဓိ စသည်ဖြင့် ရပ်ကွက်များသတ်မှတ်လျက် နေထိုင်ခွင့်ပြုထားပေရာ စနစ်ကျနမှု၊ စည်းကမ်းသေဝပ်မှုတို့ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြပေသည်။ နေပြည်တော်ရှိ မြို့တိုင်းတွင်လည်း အထက်တန်းကျောင်းများ၊ ရပ်ကွက်အလိုက်အုပ်ချုပ်ရေးမှူးရုံးများ၊ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာရုံးများ၊ ဆေးပေးခန်းများ၊ ရဲစခန်းများ ကိုယ်စီထည့်သွင်း ဖွဲ့စည်းထားပေသည်။ ဝန်ထမ်းများသာမက နေပြည်တော်တွင် ပြင်ပအလုပ်အကိုင်များ လုပ်ကိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ ကုန်သည်ပွဲစား၊ လက်သမား၊ ပန်းရန်၊ နေ့စားပါမကျန် နေထိုင်နိုင်ရန်အတွက်လည်း မူလရှိပြီး ကျေးရွာနှင့် ရပ်ကွက်များအပြင် ဘုရင့်နောင်၊ ရွှေနံ့သာ၊ သပြေကုန်းစသည့် ရပ်ကွက်တို့တွင် နေရာချထား နေထိုင်စေခဲ့ပေသည်။ ထို့အတူ ယခင်က ဤဒေသတစ်ဝိုက်တွင် ရှိနေပြီးဖြစ်သည့် ကျေးရွာများကိုလည်း ခေတ်နှင့်လျော်ညီသည့် မြို့ပြပုံစံဖြစ်အောင် ရပ်ကွက်များအသွင်

*စာမျက်နှာ ၇ ကော်လံ ၁*

နေပြည်တော် ပုဗ္ဗသီရိမြို့ရှိ နေပြည်တော်ဘူတာကြီးက ဤသို့ ခံ့ညားလှပ ဝင့်ထည်လွန်းလှသည်။

12-2 (06).pmd 1 2/12/2010, 1:47 AM

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

*စာမျက်နှာ ၆ မှ*

ပြောင်းလဲဖွံ့စည်းပေးလျက်ရှိရာ မဝေးလှသောကာလအတွင်း နေပြည်တော်ကြီးကား ကြက်ပျံမကျ စည်ကားပေဦးတော့မည်။

### တည်ဆောက်ထား

စည်ကားမှုကို စိုပြည်မှုက ပံ့ပိုးထောက်ကူပြုလျက်ရှိရာ နေပြည်တော်တစ်ခွင်လုံး စိမ်းလန်းစိုပြည်စေရေးနှင့် သောက်သုံးရေရရှိရေးအတွက် တောင်စွယ်တောင်တန်းတို့ကို တမံပိတ်ပြီး ချောင်းမကြီးဆည်ကို တည်ဆောက်ထားရှိသည်။ ရေပေးဝေရေးစီမံချက်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ချောင်းမကြီးဆည်မှရေကို နေ့စဉ်ရေဂါလန် ငါးသန်းနှုန်းဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။ လိုအပ်လာပါက ရေဂါလန် ၁၀သန်းနှုန်းအထိ ပေးဝေနိုင်မည်ဖြစ်ရာ နေပြည်တော်သားတို့ စိတ်အေးချမ်းသာ စီးပွားရှာ၊ ပညာရှာနိုင်သကဲ့သို့ နိုင်ငံ့တာဝန်များကိုလည်း ကြောင့်ကြမရှိ ထမ်းဆောင်နိုင်ကြပေတော့မည်။

နေပြည်တော်အတွင်း မှီတင်းနေထိုင်လုပ်ကိုင်သူတို့ တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာနိုင်ရေးအတွက် နေပြည်တော်လမ်းများကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ ဂုဏ်ဒြပ်နှင့်အညီ လေးလမ်းသွား၊ ခြောက်လမ်းသွား၊ ရှစ်လမ်းသွားလမ်းများ ဖောက်လုပ်ပေးထားသည့်အပြင် မကြာမီကာလတွင် လမ်း ၂၀ သွား လမ်းများကိုပင် တွေ့မြင်ကြရပေ

နေပြည်တော် ဇမ္ဗူသီရိမြို့ ဟိုတယ်ဇုန်အနီးတွင် တည်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gem Museum) ကို တွေ့ရစဉ်။

နေပြည်တော်ကြီး စည်ပင်ဖွံ့ဖြိုးလာအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီရုံးစိုက်ရာ နေပြည်တော် မြို့တော်ခန်းမကြီး၏ ညမြင်ကွင်းအလှကို တွေ့ရစဉ်။

တော့မည်။ လမ်းများ၏ သပ်ရပ်ပြန့်ပြူးမှုတွင် စနစ်ကျမှုပေါင်းစပ်သည့်အနေဖြင့် သွားလမ်း၊ ပြန်လမ်း ပိုင်းခြားပေးထားသည့် လမ်းလယ်ကျွန်းများကလည်း ပန်းအလှပင်များ ဝေဆာစွာဖြင့် လှပစိုပြည်နေပေရာ လမ်းပေါ်တွင် ဥယျာဉ်တင်ထားသကဲ့သို့ပင် ရှိတော့သည်။ ညအချိန် ထွန်းညှိထားသည့် မာကျူရီမီးရောင်အောက်တွင် လှပလွန်းနေသည့် လမ်းလယ်ကျွန်းများ၏ ဖမ်းစားမှုကား ယာဉ်မောင်းသူများကို ပန်းဥယျာဉ်အတွင်း မောင်းနှင်နေရသလိုပင် ဖြစ်စေတော့သည်။ ထိုမျှသာမက လမ်းတို့ဆုံရာ လမ်းဆုံဖြစ်သည့် သပြေကုန်း၊ ကြာပန်း၊ ရာဇသင်္ဂဟ၊ အင်ကြင်းပန်း၊ ဥတ္တရသီရိ၊ ကံ့ကော်ပန်း၊ ဝဏ္ဏသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဘောဂသိဒ္ဓိစသည့် လမ်းဆုံအဝိုင်းကြီး ကိုးခုတို့ကလည်း ပန်းမျိုးစုံတို့ဖြင့် ဝေဆာလျက် ဖြတ်သန်းကျော်လွန်သွားရမည်ကိုပင် နှမြောရလောက်အောင် ရင်သပ်ရှုမောဖွယ်ရာ လှပလွန်းနေတော့သည်။ ထိုအလှအပကို နောက်ခံထားလျက် နိုင်ငံခြားသားဧည့်သည်များ၊ ဓာတ်ပုံဝါသနာရှင်များ၊ လမ်းလျှောက်အပန်းဖြေ လာရောက်လည်ပတ်ရင်း ဓာတ်ပုံရိုက်သူများ စသည်ဖြင့် လူပရိသတ်မျိုးစုံ ရောယှက်စည်ကားလျက်ရှိရာ ထိုသူတို့၏ သတင်းစကား၊ မြင်ကွင်းစကား သယ်ဆောင်သွားမှုအရပင် နေပြည်တော်၏ လှပခံ့ညားမှုကား မြန်မာမှအစ ကမ္ဘာထိအောင် ပျံ့နှံ့ကျော်ကြားပေတော့မည်။

### ရွေးချယ်သွားလာနိုင်

နေပြည်တော်တွင်းသာမက မြို့တော်အပြင်ထွက်သော် နေပြည်တော်မှ နိုင်ငံတစ်ဝန်းလုံးသို့ ကူးသန်းသွားလာနိုင်မည့် နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးများကလည်း ဖြောင့်စင်းညီညာလှသည်။ နေပြည်တော်မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်မောင်းနှင်ချိန် လေးနာရီခန့်မျှနှင့် ခရီးပေါက်နိုင်ကြပြီဖြစ်ရာ ကျန်းမာရေးကိစ္စအတွက်သော်လည်းကောင်း၊ စီးပွားရေးအတွက်သော်လည်းကောင်း၊ ပညာရှာရန်အတွက်သော်လည်းကောင်း၊ အပန်းဖြေခရီးထွက်ရန်အတွက်သော်လည်းကောင်း အချိန်တိုတောင်းစွာဖြင့် စိတ်ကူးတို့ ထမြောက်ရှင်သန်နိုင်ကြပြီဖြစ်သည်။ နေပြည်တော်မှ အနယ်နယ်အရပ်ရပ်သို့ သွားလာနိုင်မည့် ရွှေမန်းသူ၊ အောင်စိုးမိုး၊ ဂန္ဓဝင်၊ နန်းထိုက်စံ၊ ထက်ဦး၊ အာရှ၊ ကြယ်စင်ဟိန်း၊ ရာဇာမင်း၊ ရိုးမ၊ ရွှေစင်စကြာတို့အပါအဝင် ဒါဇင်နှင့်ချီသည့် အဝေးပြေးယာဉ်လိုင်းများကလည်း စုံလင်လှပေရာ အရည်တူ၊ အသွေးတူ များပြားလှသော ယာဉ်လိုင်းများမှ နိုင်ငံတကာအဆင့်မီ လေအိတ်စနစ်တပ်ဆင်ထားသည့်ယာဉ်များကို ခရီးသည်တို့စိတ်ကြိုက် ရွေးချယ်သွားလာနိုင်ကြပြီဖြစ်သည်။

မော်တော်ယာဉ်ခရီးစဉ်များသာမက နေပြည်တော်ဘူတာကြီးမှ နေ့စဉ်ပြေးဆွဲလျက်ရှိသော ရထားခရီးစဉ်များကလည်း နိုင်ငံတော်၏မြို့တော် နေပြည်တော်နှင့် တစ်နိုင်ငံလုံးကို ဆက်စပ်ပေးလျက်ရှိသည်။ နေပြည်တော် ပုဗ္ဗသီရိမြို့တွင် တည်ရှိသည့် ခံ့ညားလှပဝင့်ထည်လွန်းလှသော ခေတ်မီအဆောက်အအုံ နေပြည်တော်ဘူတာကြီးကား ရထားစီးခရီးသည်တို့ကို စိတ်ချမ်းမြေ့ဖွယ်ရာ ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မော်တော်ယာဉ်ခရီးနှင့်မတူ၊ ရထားကြီးတို့၏ ငြိမ့်ညောင်းလှသော အိပ်မက်ဆန်ဆန် ရွေ့လျားမှုအရသာက ခရီးသည်တို့ကို တသသ စွဲမက်စေတော့သည်။

ထိုသောခရီးတို့ကိုမျှ မသွားလို၊ အချိန်ကို ပိုမိုချွေတာလိုသူတို့အတွက်လည်း နေပြည်တော်လေယာဉ်ကွင်းမှ နေ့စဉ်ပျံသန်းလျက်ရှိသော လေယာဉ်ကြီးများက စောင့်ကြိုလျက်ရှိသည်။ သာယာကျယ်ပြောလှသော ကွင်းပြင်ကြီးထဲမှ ပျံတက်သွားသော လေယာဉ်ကြီးများက လေဆိပ်တွင်ကျန်ရစ်ခဲ့သည့် ပို့ဆောင်နှုတ်ဆက်သူတို့အတွက် အလှနှင့် အလွမ်းရသကို တစ်ပြိုင်တည်း ခံစားစေခဲ့တော့သည်။ အသစ်တည်ဆောက်လျက်ရှိပြီး မကြာမီကာလ ပြီးစီးတော့မည့် ငှက်သွင်ပျံကြွလှပလွန်းလှသည့် နိုင်ငံတကာအဆင့်မီ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး ပြီးစီးခဲ့ပါမူ နိုင်ငံခြားဧည့်သည် ညီညီဖြိုးဖြိုး၊ ခရီးသွားပြည်သူ၊ အလှအပလာရောက်ခံစားသူ၊ လာရောက်လည်ပတ် စားသောက်ကြသူများဖြင့် ယခုထက်မက ပျားပန်းခပ်မျှ စည်ကားပေဦးတော့မည်။

### အားတက်စရာ

သွားလာရေး ဆောင်ရွက်ပေးရုံမျှနှင့်မပြီး နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြင့် နေပြည်တော်ရှိပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၃၀၀)ကို တည်ဆောက်စောင့်ရှောက်ပေးခဲ့ရာမှ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၇ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)အဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည့်အပြင် ရောဂါရှာဖွေရေး အဆင့်မြင့်စက်ကိရိယာများ ပါဝင်သည့် အထူးကုသမှုဌာနများကိုလည်း တစ်ပါတည်း ဖွင့်လှစ်ပေးခဲ့သည်။ ဆေးရုံကြီးများသာမက မြို့နယ်တိုင်းတွင် ခုတင်(၅၀)ဆံ့ဆေးရုံများ တည်ဆောက်လျက်ရှိနေပြီး

နေပြည်တော်ရှိ လမ်းဆုံအဝိုင်းကြီး ကိုးခုအနက်မှ အင်ကြင်းပန်းအဝိုင်းကို ပန်းမျိုးစုံ ဝေဆာလျက် ဤသို့ တွေ့ရသည်။

နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများကို ဝေဟင်မှ တွေ့ရစဉ်။

အနာဂတ်တွင် ခုတင်(၁၀၀)ထိ တိုးချဲ့နိုင်ရေးကိုလည်း စီစဉ်လျက်ရှိသည်။ ထို့အပြင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)နှင့်သော်လည်းကောင်း၊ မြို့နယ်ဆေးရုံများနှင့်သော်လည်းကောင်း အလှမ်းဝေးသည့် ကျေးရွာများမှ ပြည်သူများအတွက်လည်း အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ လက်ခံစောင့်ရှောက် ကုသပေးလျက်ရှိရာ နေပြည်တော်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူတို့အဖို့ ကျန်းမာရေးနှင့်ပတ်သက်၍ ပူပန်သောကရောက်စရာအကြောင်း မမြင်တော့ပေ။ ထို့အပြင် ဥတ္တရသီရိမြို့တွင် နေပြည်တော်၏ ပထမဆုံး ပုဂ္ဂလိကဆေးရုံကြီးကို တည်ဆောက်နေပြီဖြစ်ရာ ကျန်းမာရေးကို အထူးအာရုံစိုက်သူတို့အတွက် အားတက်စရာပင်ဖြစ်သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ စောင့်ရှောက်ပေးနေသကဲ့သို့ ပြည်သူအများ စိတ်ရွှင်လန်း အပန်းဖြေနိုင်ရေးအတွက်လည်း ပန်းဥယျာဉ်များ၊ အပန်းဖြေဌာနများ ဆောင်ရွက်ပေးထားရာ နေပြည်တော် ရေပန်းဥယျာဉ်၊ ငလိုက်ကန်သာ အပန်းဖြေစခန်းနှင့် ရေချိုးဆိပ်တို့မှာ ထင်ရှားလှသည်။ ညပိုင်းတွင် မီးရောင်စုံထွန်းညှိထားသော ရေပန်းဥယျာဉ်တွင် ပရိသတ်တို့ ကြိတ်ကြိတ်တိုးစည်ကားနေသကဲ့သို့ အဆင့်မြင့်နည်းပညာသုံး ရေလွှာရုပ်ရှင်ကလည်း အံ့သြဖွယ်ဖြစ်ရာ ပရိသတ်အပေါင်း ပါးစပ်အဟောင်းသား ဖြစ်ရလောက်ပေသည်။ ယခုအခါ ရေပန်းဥယျာဉ် (၁)နှင့် (၂)တို့ကို ဖွင့်လှစ်ပေးထားပြီဖြစ်ပြီး ဆက်လက်၍ရေပန်းဥယျာဉ် အမှတ်(၃)ကို ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် နေပြည်တော်သပြေကုန်းတွင် (2D/3D) ရုပ်ရှင်ရုံကို တည်ဆောက်နေပြီဖြစ်ရာ ကမ္ဘာ့အဆင့်ကို နေပြည်တော်သားတို့ အချိန်တိုအတွင်း လှမ်းမီနိုင်ကြတော့မည်ဖြစ်သည်။

အပန်းဖြေရုံသာမက ဆေးပညာကိုပါ အဆစ်ရစေနိုင်မည့် အမျိုးသားပရဆေးဥယျာဉ်ကြီးကလည်း နေပြည်တော်တွင် ရှိနေပြန်သည်။ အေးမြလှသော အရိပ်အာဝါသအောက်တွင် အနားယူရင်း မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာအတွက်အရေးပါလှသည့် ပရဆေးအမျိုးပေါင်း ၃၅၃မျိုးကို လေ့လာမှတ်သား အကျိုးများစေနိုင်ပေရာ စိတ်ဝင်စားသူတို့အဖို့ တန်ဖိုးမဖြတ်နိုင်လောက်သော ပရဆေးဗဟုသုတကမ္ဘာ ဥယျာဉ်မဟာ ဖြစ်တော့သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

12-2 (07).pmd 1 2/12/2010, 1:47 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ရေကိုသား၍ အကြားမထင်သော ချစ်ခင်စည်းလုံးညီညွတ်မှုဖြင့်သာ

လှိုင်အောင်



ရှေးယခင်မှစ၍ ယနေ့ကာလတိုင်အောင် ပြိုကွဲသွားသော နိုင်ငံများ၊ အချင်းချင်း စစ်မီးပွားနေကြသော နိုင်ငံများ၊ ပြည်သူတို့ ဆင်းရဲဒုက္ခရောက်နေကြရသော နိုင်ငံများကို ကြည့်လိုက်ပါလျှင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုနည်းပါးကာ ဝါးအစည်းပြေသကဲ့သို့ ဖြစ်နေခဲ့ကြသည်ကို တွေ့နိုင်ပေလိမ့်မည်။

ပြီးခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကာလအတွင်း ပြိုကွဲသွားကြသော ယူဂိုဆလားဗီးယားနှင့် ဆိုဗီယက်စသော ပြည်ထောင်စုများ၊ ယနေ့ထက်တိုင် စစ်မီးမငြိမ်းနိုင်သေးသည့် အီရတ်၊ အာဖဂန်နစ္စတန်စသည့် နိုင်ငံများ၊ မကြာသေးမီ နှစ်အနည်းငယ်မှစ၍ ကမ္ဘာ့ပဋိပက္ခနှင့် မတည်ငြိမ်မှု မျက်နှာစာတွင် ရှေ့တန်းသို့ရောက်လာသော ဆိုမာလီနှင့် ယီမင်စသည့် နိုင်ငံများအားလုံးတွင် ဖရိုဖရဲ ပြိုကွဲအားနည်းမှု၏ အဓိကအကြောင်းတရားမှာ နိုင်ငံသူ နိုင်ငံသား ပြည်ထောင်စုဖွားအချင်းချင်း မသင့်မတင့် စိတ်ဝမ်းကွဲပြားမှုများပင်ဖြစ်သည်မှာ မငြင်းနိုင်သည့် အချက်ပါပေ။

သို့သော် စာဒကတက်ဖွယ်ရှိသည်မှာ ကမ္ဘာပေါ်၌ အလားတူ လူမျိုး အများအပြား ပေါင်းစုနေထိုင်ကြသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးငယ် အများအပြားရှိနေကြပြီး ထိုနိုင်ငံများ၌မူ အဘယ်ကြောင့် အလားတူ ပြိုကွဲဆင်းရဲတိုက်ခိုက်မှုများ မဖြစ်ပွားကြသနည်းဟူသည့် အချက်ပင်ဖြစ်၏။

မှန်ပါသည်။ ဆွစ်ဇာလန်ကဲ့သို့ အဲလ်ပ်တောင်တန်းထိပ်ဖျားမှ နိုင်ငံငယ်ကလေး၌ပင် လူမျိုး လေးမျိုးခန့် စုပေါင်းနေထိုင်ကြခြင်းဖြစ်၏။ ဆွစ်ဇာလန်သည် စတုရန်းမိုင် ၁၅၉၄၀သာရှိသော တောင်ထိပ်နိုင်ငံငယ်ကလေးဖြစ်၏။ သဘာဝသယံဇာတကို အားကိုး၍မရ၊ လူအရင်းအမြစ်ကိုသာ အားကိုးရ၏။ လူအရင်းအမြစ်ဆိုရာ၌လည်း လူအင်အားအရေအတွက်က ဘာမျှမရှိ၊ လူဦးရေစုစုပေါင်းမှ ခုနစ်သန်းခန့်သာရှိ၏။ နှိုင်းယှဉ်ပါက ရန်ကုန်မြို့ လူဦးရေထက် အနည်းငယ်သာ ပိုများသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အရေအတွက်ထက် အရည်အချင်းကို ပို၍ အားကိုးကြရသည်။ သို့တိုင်အောင် နိုင်ငံက ကျဉ်းလာသောကြောင့် နေရာယူသော လုပ်ငန်းကြီးကြီးမားမား မလုပ်နိုင်။ ဝန်ကျဉ်းကျဉ်းနှင့် ငွေများများရသော လုပ်ငန်းများကိုသာ ရှာကြံလုပ်ကြရ၏။ ကုန်ထုတ်လုပ်မှုတွင် ပစ္စည်းသေးသေးနှင့် တန်ဖိုးကြီးကြီးရသည့် နာရီလုပ်ငန်း၊ စိန်ရတနာလုပ်ငန်းကို လုပ်၏။ ဝန်ဆောင်မှုတွင် အဖိုးသေးသေးနှင့် ငွေများများဝင်သော ဘဏ်လုပ်ငန်းကို လုပ်၏။ ထိုသို့ ကြိုးစားလုပ်ကိုင်ကြမှုကြောင့် တစ်နှစ်လျှင် တစ်နိုင်ငံလုံးဝင်ငွေ ဒေါ်လာဘီလီယံ ၅၀၀ ကျော်ရှိပြီး တစ်ဦးကျဝင်ငွေ ဒေါ်လာ ၄၃၁၉၅ရှိ၏။ ကမ္ဘာပေါ်၌ သတ္တမမြောက် အချမ်းသာဆုံး နိုင်ငံဖြစ်လေသည်။ နိုင်ငံရေး၌လည်း တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံးကာ နိုင်ငံဦးသျှောင်အဖွဲ့ဖြင့် စုပေါင်းခေါင်းဆောင်အုပ်ချုပ်သည့် ထူးထူးခြားခြား နိုင်ငံတစ်ခုဖြစ်၏။ နိုင်ငံတကာဆက်ဆံရေး၌ တိကျသော ကြားနေရေးမူဝါဒကို ကျင့်သုံးသည့်အတွက် ကမ္ဘာစစ်ကြီးများကို ရှောင်ရှားနိုင်ခဲ့သည့်အပြင် ကုလသမဂ္ဂသို့ပင် မဝင်သော နိုင်ငံဖြစ်လေသည်။ ကုလသမဂ္ဂမဝင်သော်ငြား ဥရောပရှိ ကုလသမဂ္ဂရုံးခွဲကို ဂျီနီဗာ၌ လက်ခံထားရှိပြီး အရေးပါသော နိုင်ငံတကာ အစည်းအဝေးများစွာမှာ ဂျီနီဗာ၌ လာရောက်ကျင်းပကြရသည်။

အမျိုးသား စည်းလုံးညီညွတ်ရေးတွင်လည်း ဆွစ်ဇာလန်သည် ပထမတန်းဖြစ်၏။ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ ရိုမန့်စကားပြောသည့် လူ့အဖွဲ့အစည်းများ အတူတကွ ရောနှောနေထိုင်ကြသော်လည်း လူမျိုးရေးပဋိပက္ခ၊ လူများစုနှင့် လူနည်းစုပြဿနာဟူ၍မရှိ၊ ဆွစ်ဇာလန်နိုင်ငံသားများအဖြစ် ခံယူကာ အားလုံးချစ်ကြည်ရင်းနှီးစွာ စည်းစည်းလုံးလုံးနေထိုင်ကြသည်။ ထိုသို့ ချစ်ကြည်စည်းလုံးမှု၏ ပြယုဂ်အတိုင်းအတာကို ဆွစ်ဇာလန်နိုင်ငံ၏ ကာကွယ်ရေးစနစ်ဖွဲ့စည်းပုံ၌ တွေ့မြင်နိုင်သည်။ ဆွစ်ဇာလန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒမှာ ပြည်သူ့စစ်ဖြစ်၏။ ထို့ကြောင့် ပြည်သူ့စစ်မဟာဗျူဟာနှင့်အညီ နိုင်ငံသားတိုင်း စစ်ပညာကို သင်ကြားရကာ နိုင်ငံကိုကာကွယ်သည့် ပြည်သူ့စစ်များဖြစ်ကြသည်။ နိုင်ငံတော်က ယင်းပြည်သူ့စစ်များကို ၎င်းတို့၏ ကိုယ်ပိုင်လက်နက်၊ ခဲယမ်း၊ ချပ်ဝတ်တန်ဆာများကိုပါ အိမ်၌ ထိန်းသိမ်းထားရန် ပေးအပ်ထားသည်။ အရေးကြုံ၍ အချက်ပေးလိုက်သည်နှင့် လက်နက်အပြည့်အစုံဖြင့် တပ်များ ချက်ချင်းဖွဲ့စည်းနိုင်ရန် ဖြစ်သည်။ အချင်းချင်း မညီညွတ်သော နိုင်ငံများ၊ စည်းကမ်းမရှိသော နိုင်ငံများ၌ ထိုသို့သာ အိမ်တိုင်းစေ့ လက်နက်တပ်ဆင်ပေးလိုက်လျှင် အလောင်းချင်းထပ်၍ နေပေလိမ့်မည်။ ထိုသို့ ညီညွတ်ကြ၊ စည်းလုံးကြ၊ စည်းကမ်းရှိကြ၊ ကြိုးစားကြ၊ ထက်မြက်ကြသဖြင့်သာ ဆွစ်ဇာလန်နိုင်ငံသည် အရွယ်ငယ်သော်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်နေခြင်းပင်။

တစ်ဖန် ဆွစ်ဇာလန်နှင့် 'ဆလိမ်'ချင်းတူသော်လည်း ဘဝအခြေအနေချင်း မိုးနှင့်မြေပမာ ဆန့်ကျင်ကွာခြားလှသော ဆိုမာလီယာနိုင်ငံကို အမှားသရုပ်ပြအဖြစ် တွေ့နိုင်သည်။ ဆိုမာလီသည် ဆွစ်ဇာလန်နှင့်ယှဉ်လျှင် နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေပမာဏမှာ မတိမ်းမယိမ်းဖြစ်ပြီး ဆိုမာလီကပင် အနည်းငယ်ပို၍ ကြီးမားသည်။ နိုင်ငံအကျယ်အဝန်းတွင် စတုရန်းမိုင် ၂၄၆၂၀၁ရှိပြီး လူဦးရေမှာ ကိုးသန်းခန့် ရှိသည်။ မဟာဗျူဟာ တည်နေရာ အနေအထားချင်း နှိုင်းယှဉ်ပါက ဆိုမာလီသည် ကမ္ဘာ့အလယ် ဗဟိုရေကြောင်းသွားလာမှု၏ အချက်အချာဖြစ်သော စူးအက်တူးမြောင်းနှင့် ဆက်နေသည့် ပင်လယ်နီထိပ်ဝ၊ အာဖရိက အရှေ့ဘက်အစွန်း ဦးချိုဒေသတွင်ရှိပြီး ဥရောပအလယ် တောင်ထိပ်ပေါ်မှ ကုန်းတွင်းပိတ်ဖြစ်သော ဆွစ်ဇာလန်ထက်များစွာ ပို၍အရေးပါသည့် အကွက်အကွင်းနေရာဖြစ်သည်။ ရာသီဥတုအရ ဆိုပါမူကား ဆိုမာလီက ချစ်ချစ်တောက်ပူသည့် အာဖရိက ကန္တာရတစ်ပိုင်းဒေသဖြစ်၍ ဆွစ်ဇာလန်က ခိုက်ခိုက်တုန်အောင် အေးပြီး နှင်းထူထပ်စွာ ဖုံးအုပ်လေ့ရှိသော သမအေးပိုင်းဒေသအဖြစ် ဆန့်ကျင်ဘက်ဝိရောဓိများ ဖြစ်ကြသည်။

သို့သော် ကံကြမ္မာက ဆိုမာလီကို မျက်နှာသာ မပေးခဲ့။ ကိုလိုနီခေတ်တွင် ရေကြောင်းမှ နယ်ချဲ့လာသော ဗြိတိသျှတို့ကို ကာလရှည်လျားစွာ အပြင်းအထန် ခုခံခဲ့ပြီး နောက်ဆုံးတွင် ကျွန်ဖြစ်ခဲ့ရသည်။ တစ်ဖန် အီတလီတို့ကလည်း ဆိုမာလီမြောက်ခြမ်းကို ခွဲဝေရယူ သိမ်းပိုက်ခဲ့ပြန်သည်။ ၁၉၆၀ပြည့်နှစ်တွင် လွတ်လပ်ရေးရပြီး ကိုလိုနီနှစ်ပိုင်း ပေါင်းစည်းကာ ဆိုမာလီမှာ နိုင်ငံအဖြစ် ရပ်တည်နိုင်ချိန်၌လည်း အရှေ့နှင့်အနောက် စစ်အေးတိုက်ပွဲအတွင်း ကြားညှပ်ပါဝင်ကာ ဆိုမာလီနှင့် အီသီယိုးပီးယားတို့အကြား စစ်ပွဲများ ဖြစ်ခဲ့သည်။ စစ်အေးတိုက်ပွဲ နောက်ပိုင်းကာလ၌မူ လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြားကာ စစ်အေးတိုက်ပွဲကာလအတွင်းက မတန်တဆ တပ်ဆင်ထားခဲ့သော လက်နက်များဖြင့် အချင်းချင်း အုပ်စုဖွဲ့တိုက်ခိုက်ကြတော့သည်။ ဆိုမာလီယာ၌ ဆိုမာလီလူမျိုး ၈၅ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသားများဖြစ်သည့် ဘီနာဒီရီ၊ ဘရာဗာနီးစ်၊ ဘန်တူ၊ ဘာဂျူနီ စသည့် လူမျိုးစုအနည်းငယ်စီရှိသော်လည်း လူများစု ဆိုမာလီများအတွင်း၌ပင် ဟာဝီ၊ တာနိတ်၊ အစ်ဆက်၊ ဒူလ်ဘာဟန်တီ၊ ဝါရန်ဂလီ စသည်ဖြင့် ဆွေမျိုးစုများ ကွဲပြားကာ ရှေးယခင်ကပင် သောက်သုံးရေ/ စိုက်ပျိုးရေ အလို့ငှာ၊ စားကျက်အလို့ငှာ ပိုင်နက်လုရင်း ဓား၊ လှံ၊ လေးမြားတို့ဖြင့် တိုက်ခိုက်ခဲ့ကြသည့် အစဉ်အလာရှိခဲ့သည်။ စစ်အေးနောက်ပိုင်း၌မူ မောင်းပြန်ရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်လာခဲ့ကြလေရာ စစ်ဒဏ်ကြောင့်လည်းကောင်း၊ အငတ်ဘေးကြောင့်လည်းကောင်း ၁၉၉၁-၉၂ခန့်တွင် လူသုံးသိန်းခန့် သေဆုံးခဲ့ရသည်။ ထို့နောက် အမေရိကန်တို့၏ အကူအညီဖြင့် ကုလသမဂ္ဂက အကူအညီပေးရန် ဝင်ရောက်ခဲ့သော်လည်း ဆွေမျိုးချင်းစစ်ပွဲကို မီးလောင်ရာလေပင့်ဖြစ်ကာ အမေရိကန်တပ်များပင် အရှက်တကွဲအကျိုးနည်း ဆုတ်ခွာခဲ့ကြရသည်။

ထိုအချိန်မှစ၍ ဆိုမာလီသည် မင်းမဲ့တိုင်းပြည် တစ်ပြည်သဖွယ် ဖြစ်နေလေတော့သည်။ အီသီယိုးပီးယားတပ်ဖွဲ့များ၊ အာဖရိကသမဂ္ဂတပ်ဖွဲ့များ၊ အမေရိကန်လေတပ်မှ ဝင်ရောက်ဖုံးကြဲမှုများ စသည်ဖြင့် ပြင်ပမှ ဝင်ရောက်စွက်ဖက်ပါဝင်မှုများမှာလည်း ပြည်တွင်း၌ ငြိမ်းချမ်းရေးရအောင် မတတ်နိုင်။ နှစ်ရှည်လများ ဥပဒေမဲ့ နေထိုင်လာရသောအခါ ဆိုမာလီနိုင်ငံသားတို့သည် ရနိုင်သောပစ္စည်း၊ ရနိုင်သော နည်းလမ်းတို့ဖြင့် ဘဝရှင်သန်ရပ်တည်ရေးအတွက် လုပ်ကိုင်လာကြရသောအခါ ပင်လယ်နီထိပ်ဝမှ ဆိုမာလီပင်လယ်ဓားပြများအဖြစ် နာမည်ဆိုးနှင့် ကမ္ဘာကျော်လာကြလေတော့သည်။

ဤဥပမာနှစ်ခုကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် နိုင်ငံကြီးသည်/ငယ်သည်မဟူ နိုင်ငံသား၊ တိုင်းရင်းသား လူမျိုးစုတို့၏ ချစ်ကြည်စည်းလုံးညီညွတ်မှု မည်မျှအရေးကြီးသည်ကို တွေ့နိုင်ပါ၏။ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးစုပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက်က တိုင်းရင်းသားပြည်သူချင်း

ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ တပ်မတော်အစိုးရလက်ထက် ထီးစဲခါးတံတားကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့၍ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း ကွန်ရက်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## အိမ်

☆ အိမ်ဆိုသည်မှာ-
ဦးစွာပထမ၊ မိဘအုပ်ထိန်းသူ
ထူထူထောင်ထောင်၊ ဦးဆောင်လမ်းပြ
ရှိမှသာလျှင်၊ ပတ်ဝန်းကျင်မှာ
အမြင်လည်းလှ- ဂုဏ်ရှိစွတည့်....။

☆ မိဘအမွေ
သီရိဂေဟာ၊ အိမ်ဖြစ်လာအောင်
အိမ်ထောင်တစ်စုလုံး၊ ပြုံးပျော်အေးချမ်း
စိတ်ဝမ်းတူမျှ၊ နေသွားမှလျှင်
အမြင်လည်းလှ-ဂုဏ်ရှိစွတည့်....။

☆ အိမ်တစ်လုံးဖြစ်ရန်
သစ်သံမှအစ၊ လိုသမျှစုဆောင်း
နေ့ကောင်းရက်သာ၊ ရွေးပြီးကာမှ
ဆောက်ကြရစမြဲ၊ တော်ရုံဖွဲ့နှင့်
တဲဆောက်သလို၊ ပေါ့ပေါ့ဆိုမူ
တိုင်ထူဖို့ပင် ခက်လိမ့်မည်....။

☆ မျိုးဆက်ဆင့်ပွား
သမီးသားနှင့်၊ မြေးများ၊ မြစ်များ
တီတွတ်များတိုင်၊ နေထိုင်နိုင်အောင်
အခိုင်အမာ၊ တည်ဆောက်ပါမှ
နောင်လာနောက်သား၊ မွေခံသွားရန်
ထိုက်တန်သောအိမ် ဖြစ်လိမ့်မည်....။ ။

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-

ဟသ်ာတမြင့်ငွေ

### ပြိုင်းချောင်း ရေလှောင်တမံ

ဒေသခံတောင်သူတို့၏ စိုက်ပျိုးမြေဧက ၅၀၀၀ကျော် အတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-
မြန်မာ့အလင်း)



(၆၃)နှ

သံသယတို့ကို အမှ
အာဃာတကို မေတ္တာစေတ
သေနတ်ပြောင်းလှည့်ခဲ့ရာ
ပြီ။ ရှေးယခင်က နယ်ချဲ့
ဆောက်ထားခဲ့သော တံတို
သား ပြည်သူများနှင့် တပ်
ခဲ့ကြရာ ယခုအခါ နိုင်ငံ
မျက်ဝါးထင်ထင် တွေ့မြ

အေးအတူ ပူအမျှ အတူတကွ နေထိုင်လာခဲ့ကြ
ပထဝီဝင် သဘာဝမြေအနေအထား ခက်ခဲကြမ်
ဆက်ဆံထိတွေ့မှု အခက်အခဲများကို နယ်ခ
အသုံးချကာ တိုင်းရင်းသားများအကြား၌ ပိုင်းခြ
လေးခုကို တည်ဆောက်ခဲ့သည်။
ယင်းတံတိုင်းကြီးလေးခုအနက် ပထမ
တံတိုင်းဖြစ်သည်။ ပြည်နယ်တောင်တန်းဒေသ
ဘုရင်ခံတိုက်ရိုက်အုပ်ချုပ်သည့် ဗယားဝင်ဒေသ
ဥပဒေပြုကောင်စီမှတစ်ဆင့် အုပ်ချုပ်သည့်ဒေ
အုပ်ချုပ်ခဲ့သည်။
ဒုတိယအရံအတားတံတိုင်းမှာ ဥပဒေတံ
ပြည်မဒေသနှင့် ပြည်နယ်တောင်တန်းဒေသတို့
ပြု၍မရအောင် တောင်တန်းဥပဒေများဖြင့် ကန်
ဤနည်းဖြင့် တိုင်းရင်းသားချင်း လူမှုရေးအရ
တတိယအရံအတား တံတိုင်းမှာ လူမှုရေ
တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မိရိုးဖ
ခဲ့ကြသည့် တိုင်းရင်းသားတို့ကို ၎င်းတို့၏ ဘာ
ကာ မြေပြန့်ဒေသရှိ ဗမာ၊ ရခိုင်၊ မွန် စသ
ကွဲပြားအောင် ဖန်တီးခဲ့သည်။
အချို့နယ်ချဲ့ဝါဒီတို့က ယင်းဘာသာရေး
တံတိုင်းအဖြစ် အသုံးချသွေးခွဲရမည်ဟုပင် ပြော
ခဲ့ကြသည်။
စတုတ္ထအရံအတားတံတိုင်းမှာ စီးပွားရေ
နယ်ချဲ့တို့က တောင်တန်းနှင့် မြေပြန့်ဒေသ
ကြောင့် ပုံစံတူအုပ်ချုပ်၍မရနိုင်ဟု အကြောင်းပြ
များစွာ ကျွန်ပြုအုပ်ချုပ်ခဲ့သည့်ကာလအတွင်း
ကို လုံးဝလျစ်လျူရှုကာ ၎င်းတို့ အကျိုးစီးပွားအ
ကြိုးပမ်းခဲ့ကြသည်။ အဖိုးတန် သတ္တုသယံဇာတ
စသည့် နေရာများသို့ မရောက်ရောက်အောင် မီ
လည်း စီးပွားရေး တွက်ခြေမကိုက်သည့် ချင်
ကားလမ်းမျှသာ ရှိခဲ့သည်။ တောင်မြောက်ရှ
မြောက်ဘက်တွင် ရွှေဘိုကျော်လျှင် ကားလမ်း
တောင်ဘက်၌လည်း ထားဝယ်အထိသာ ရထ
တစ်လမ်းရှိသည်။ အရှေ့-အနောက် ဖြတ်
ကမ်းမြောင်ဒေသအထိ ကားလမ်းမပေါက်၊ ရှမ်း
(တောင်ပိုင်း)ကိုပင် သွားလိုလျှင် သာစည်-မိ
သွား၍ရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)
ကျိုင်းတုံသို့ပင် ခက်ခက်ခဲခဲ သွားကြရသည်
ဤသို့ စီးပွားရေးအခြေခံများ မတည်
အခြေခံဖြစ်သည့် ပညာရေး၊ ကျန်းမာရေးတို့
ခဲ့သည်။ တောင်ပေါ်တိုင်းရင်းသားအများစုမှ
ဘဝဖြင့် လောင်းကစားဝိုင်း၊ ဘိန်းခန်းများ၌

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

**သံသယတို့ကို အမုန်ဘဝနားလည်မှုတို့ဖြင့် အစားထိုး၍ အာဃာတကို မေတ္တာစေတနာအဖြစ် ပြောင်းလဲကာ အချင်းချင်း သေနတ်ပြောင်းလှည့်ခဲ့ရာမှ လက်ချင်းတွဲဆက် ရင်ချင်းအပ်ခဲ့ပြီ။ ရှေးယခင်က နယ်ချဲ့တို့၏ ယုတ်မာကောက်ကျစ်စွာ တည်ဆောက်ထားခဲ့သော တံတိုင်းတို့ကိုလည်း နိုင်ငံတော်၊ တိုင်းရင်းသား ပြည်သူများနှင့် တပ်မတော်တို့ စည်းလုံးညီညာစွာ ဖြိုဖျက်ခဲ့ကြရာ ယခုအခါ နိုင်ငံတစ်နံတစ်လျား၌ အောင်မြင်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်လာခဲ့ရလေပြီ။**

## ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အေးအတူ ပူအမျှ အတူတကွ နေထိုင်လာခဲ့ကြရာမှ ကိုလိုနီလက်ထက်တွင် ပထဝီဝင် သဘာဝမြေအနေအထား ခက်ခဲကြမ်းတမ်းမှုကြောင့် သွားလာဆက်ဆံထိတွေ့မှု အခက်အခဲများကို နယ်ချဲ့တို့က လက်နက်အဖြစ် အသုံးချကာ တိုင်းရင်းသားများအကြား၌ ပိုင်းခြားထားသည့် တံတိုင်းကြီးလေးခုကို တည်ဆောက်ခဲ့သည်။

ယင်းတံတိုင်းကြီးလေးခုအနက် ပထမတံတိုင်းမှာ အုပ်ချုပ်ရေးတံတိုင်းဖြစ်သည်။ ပြည်နယ်တောင်တန်းဒေသများနှင့် မြေပြန့်ဒေသတို့ကို ဘုရင်ခံတိုက်ရိုက်အုပ်ချုပ်သည့် ဗယားဝင်ဒေသများနှင့် ပိုမိုအဆင့်မြင့်သော ဥပဒေပြုကောင်စီမှတစ်ဆင့် အုပ်ချုပ်သည့်ဒေသဟူ၍ ခွဲခြားကာ သွေးခွဲအုပ်ချုပ်ခဲ့သည်။

ဒုတိယအရံအတားတံတိုင်းမှာ ဥပဒေတံတိုင်း ဖြစ်သည်။ မြေပြန့်ပြည်မဒေသနှင့် ပြည်နယ်တောင်တန်းဒေသတို့အကြား ကူးလူးဆက်ဆံမှု ပြု၍မရအောင် တောင်တန်းဥပဒေများဖြင့် ကန့်သတ်ပိတ်ပင်ထားခဲ့သည်။ ဤနည်းဖြင့် တိုင်းရင်းသားချင်း လူမှုရေးအရ အဆက်ဖြတ်ခဲ့သည်။

တတိယအရံအတား တံတိုင်းမှာ လူမှုရေးတံတိုင်းဖြစ်သည်။ နယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မိရိုးဖလာ နတ်ကိုးကွယ်ယုံကြည်ခဲ့ကြသည့် တိုင်းရင်းသားတို့ကို ၎င်းတို့၏ ဘာသာအတွင်းသို့ သွတ်သွင်းကာ မြေပြန့်ဒေသရှိ ဗမာ၊ ရခိုင်၊ မွန် စသည့် တိုင်းရင်းသားတို့နှင့် ကွဲပြားအောင် ဖန်တီးခဲ့သည်။

အချို့နယ်ချဲ့ဝါဒီတို့က ယင်းဘာသာရေးကွဲပြားမှုကို သဝိညာဏက တံတိုင်းအဖြစ် အသုံးချသွေးခွဲရမည်ဟုပင် ပြောင်ပြောင်တင်းတင်း ပြောဆိုခဲ့ကြသည်။

စတုတ္ထအရံအတားတံတိုင်းမှာ စီးပွားရေးဖွံ့ဖြိုးမှုတံတိုင်းဖြစ်သည်။ နယ်ချဲ့တို့က တောင်တန်းနှင့် မြေပြန့်ဒေသတို့သည် ဖွံ့ဖြိုးမှုမတူသောကြောင့် ပုံစံတူအုပ်ချုပ်၍မရနိုင်ဟု အကြောင်းပြခဲ့ကြသော်လည်း နှစ်ပေါင်းများစွာ ကျွန်ပြုအုပ်ချုပ်ခဲ့သည့်ကာလအတွင်း တောင်တန်းဒေသတို့ ဖွံ့ဖြိုးမှုကို လုံးဝလျစ်လျူရှုကာ ၎င်းတို့ အကျိုးစီးပွားအတွက် ကုပ်သွေးစုပ်ရန်သာ ကြိုးပမ်းခဲ့ကြသည်။ အဖိုးတန် သတ္တုသယံဇာတများရှိသည့် နမ္မတူ၊ မော်ချီး စသည့် နေရာများသို့ မရောက်ရောက်အောင် မီးရထားလမ်းဖောက်ခဲ့သော်လည်း စီးပွားရေး တွက်ခြေမကိုက်သည့် ချင်းတောင်ဒေသ၌မူ လူလမ်း၊ ကားလမ်းမျှသာ ရှိခဲ့သည်။ တောင်မြောက်ရှည်လျားသော မြန်မာနိုင်ငံ၌ မြောက်ဘက်တွင် ရွှေဘိုကျော်လျှင် ကားလမ်း ကောင်းကောင်းမရှိတော့၊ တောင်ဘက်၌လည်း ထားဝယ်အထိသာ ရထားလမ်း သေးသေးကလေး တစ်လမ်းရှိသည်။ အရှေ့-အနောက် ဖြတ်၍ကြည့်လျှင်လည်း ရခိုင်ကမ်းမြောင်ဒေသအထိ ကားလမ်းမပေါက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ကိုပင် သွားလိုလျှင် သာစည်-မိတ္ထီလာအထိ ပြန်ဆင်းပြီးမှ သွား၍ရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမှ (အရှေ့ပိုင်း) ကျိုင်းတုံသို့ပင် ခက်ခက်ခဲခဲ သွားကြရသည်။

ဤသို့ စီးပွားရေးအခြေခံများ မတည်ဆောက်ခဲ့သကဲ့သို့ လူမှုရေးအခြေခံဖြစ်သည့် ပညာရေး၊ ကျန်းမာရေးတို့၌လည်း မျက်ကွယ်ပြုထားခဲ့သည်။ တောင်ပေါ်တိုင်းရင်းသားအများစုမှာ စာမတတ်၊ ပေမတတ် ဘဝဖြင့် လောင်းကစားဝိုင်း၊ ဘိန်းခန်းများ၌သာ အချိန်ကုန်ခဲ့ကြသည်။

ထိုအကျိုးဆက်ကြောင့် လွတ်လပ်ရေးရပြီး နောက်ပိုင်း၌လည်း ပြည်တွင်းသောင်းကျန်းမှု အဆိုးသံသရာ၌ ဝဲလှည့်ကာ နစ်နေခဲ့ကြရပြီးဖြစ်၏။ ထိုကာလ၌ ပြည်ထောင်စုကြီး ဖွံ့ဖြိုးရေး၊ တိုးတက်စည်ပင်ရေးကို လုပ်ကိုင်ရန် အခွင့်မသာခဲ့။ ဤသို့ဖြင့် နှစ်ပေါင်းငါးဆယ်ကျော် သံသယနှင့် အာဃာတအမှောင်တွင်း၌ ညီနောင်အချင်းချင်း စစ်ခင်းနေခဲ့ကြရာမှ ယခုသော် ငြိမ်းချမ်းရေးပန်းတို့ လန်းဖွင့်လာလေပြီ။

**သံသယတို့ကို အမုန်ဘဝနားလည်မှုတို့ဖြင့် အစားထိုး၍ အာဃာတကို မေတ္တာစေတနာအဖြစ် ပြောင်းလဲကာ အချင်းချင်း သေနတ်ပြောင်းလှည့်ခဲ့ရာမှ လက်ချင်းတွဲဆက် ရင်ချင်းအပ်ခဲ့ပြီ။ ရှေးယခင်က နယ်ချဲ့တို့၏ ယုတ်မာကောက်ကျစ်စွာ တည်ဆောက်ထားခဲ့သော တံတိုင်းတို့ကိုလည်း နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့ စည်းလုံးညီညာစွာ ဖြိုဖျက်ခဲ့ကြရာ ယခုအခါ နိုင်ငံတစ်နံတစ်လျား၌ အောင်မြင်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်လာခဲ့ရလေပြီ။**

ပြည်သူတစ်ရပ်လုံးက သောင်းသောင်းဖြဖြ ထောက်ခံချမှတ်ခဲ့ကြသည့် အခြေခံဥပဒေအသစ်အရ တိုင်းရင်းသားညီနောင်အားလုံး ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသကို ကိုယ်တိုင်စီမံခန့်ခွဲကာ တိုးတက်ဖွံ့ဖြိုးလာအောင် ကိုယ်တိုင်ဖန်တီးနိုင်ကြတော့မည်။ အခြေခံဥပဒေက တစ်နိုင်ငံလုံးတွင် နိုင်ငံသားတိုင်း လွတ်လပ်စွာ သွားလာရောင်းဝယ်ဖောက်ကား အခြေချနေထိုင်ခွင့်ကို အခိုင်အမာ ပြဋ္ဌာန်းပေးထားပြီးဖြစ်ရာ နယ်ချဲ့ကိုလိုနီခေတ်ကလို ပိတ်လှောင်ဘောင်သတ် ကျဉ်းကျပ်သည့် လူ့အဖွဲ့အစည်းများဖြင့် အကန့်လိုက် ဟန့်တား သွေးခွဲထားမှုမျိုး မရှိနိုင်တော့ပြီ။

နယ်စွန်နယ်ဖျား တိုင်းရင်းသားသွေးချင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးမှုဒေသကြီး(၂၄)ခု သတ်မှတ်ကာ အထူးစီမံကိန်းကြီးများဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍမျိုးစုံတွင် ဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုကြောင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမှုကို သိသိသာသာ တွေ့မြင်နေကြရလေပြီ။

စစ်တွေမှ တာချီလိတ်၊ ကော့သောင်းမှ ပူတာအိုသို့ ကားလမ်း၊ ရထားလမ်းတို့ဖြင့် လွယ်ကူစွာ သွားရောက်နိုင်ရေးမှာ အိပ်မက်မျှပင် မဖြစ်နိုင်သည့် ဘဝမျိုးမှ လက်တွေ့ကျကျ အကောင်အထည်ပေါ်လာကာ အောင်မြင်ပြီးစီးရန် လက်တစ်ကမ်းအလိုမျှသာ ရှိလေပြီ။ ပြည်နယ်/တိုင်း နေရာဒေသအနှံ့ အဆင့်မြင့်ပညာ၊ အသက်မွေးပညာ၊ ခေတ်မီတက္ကသိုလ်၊ သိပ္ပံကျောင်းကြီးများလည်း လက်ညှိုးထိုးမလွဲ ပေါ်ပေါက်လာခဲ့လေပြီ။

ဤကား ညီညွတ်မှု၏အကျိုး၊ စည်းလုံးမှု၏ရလဒ် ဖြစ်ပေတော့သည်။ ဤရလဒ်အကျိုးတို့ကို အခြေခံအုတ်မြစ်အဖြစ် အားပြုရပ်တည်ကာ မကြာမီ ထွန်းပေါ်လာတော့မည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၌ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးတို့က **"ရေကိုသား၍ အကြားမထင်သော ချစ်ခင်စည်းလုံးညီညွတ်မှု"**ဖြင့် အေးအတူ ပူအမျှ မဆုတ်မနစ် လက်တွဲကြိုးပမ်းသွားကြမှသာလျှင် ကမ္ဘာနှင့် ရင်ပေါင်တန်းကာ ဝင့်ကြွားနိုင်သော နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်သွားနိုင်ကြမည်ဖြစ်ပါတော့သတည်း။ ။

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

*စာမျက်နှာ ၇ မှ*

### မြင်တွေ့နိုင်

ထို့အပြင် ပြည်သူတို့အပန်းဖြေနိုင်ရန်နှင့် ဗဟုသုတရစေရန်အတွက် နေပြည်တော်ရေဆင်းတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို မြေအကျယ်အဝန်း ၁၀၆၂ဧကပေါ်တွင် တည်ဆောက်ခဲ့ရာ ၂၀၀၈ခုနှစ် မတ်လ ၂၆ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက်ပေါင်း အမျိုး ၃၀၊ တွားသွားသတ္တဝါ ၁၂ မျိုးကို ပြကွက်ပေါင်း ၂၇ ကွက်ဖြင့် ပြသထားရာ ထိုပြကွက်များအနက် မြန်မာနိုင်ငံတွင် မရှိသည့် ရေခဲပြင်ဒေသနေ ပင်ဂွင်ငှက်ပြကွက်၊ ရှားပါးတိရစ္ဆာန်ဖြစ်သည့် ကျားဖြူပြကွက်တို့အပြင် ကမ္ဘာပေါ်၌ အလွန်ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်သွားတော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရသော တောရိုင်းတိရစ္ဆာန်ပြကွက်များလည်း စုစည်းတင်ပြထားရာ ယခင်က ရုပ်ရှင်ထဲမှအပ မြင်ခွင့်မရခဲ့သော ရှားပါးတိရစ္ဆာန်များကို မြင်တွေ့နိုင်ကြပြီဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်နှင့် တစ်ဆက်တည်းမှာပင် ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအား နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေနိုင်ရေးတို့ကို ရည်ရွယ်လျက် နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ၂၀၀၉ခုနှစ် မတ်လ ၂၆ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့သည်။ နက္ခတ်တာရာပြခန်းအတွင်း ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်အပါအဝင် ဂြိုဟ်များအကြောင်းနှင့် စကြဝဠာအတွင်းမှ ထူးခြားအံ့သြဖွယ်ရာများကိုလည်းကောင်း၊ ထူးဆန်းထွေလာ ရေအောက်ကမ္ဘာမြင်ကွင်းများကိုလည်းကောင်း၊ Computer Animation နည်းပညာအသုံးပြုထားသည့် နောက်ဆုံးပေါ် နက္ခတ်တာရာပြစက်များဖြင့် ပြသပေးလျက်ရှိရာ ရင်သပ်ရှုမောဖြစ်ရလောက်အောင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် နေပြည်တော်တွင်နေထိုင်သူ တိုင်းရင်းသားပြည်သူလူထုအပါအဝင် လာရောက်လေ့လာသူ ပြည်တွင်းပြည်ပ ဧည့်သည်တော်များအနေဖြင့် တပ်မတော်အစိုးရလက်ထက် ပြောင်းလဲတိုးတက်လာမှုများနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးတို့၏ အထိမ်းအမှတ်အဆောက်အအုံများ၊ ရိုးရာဓလေ့များကို တစုတဝေးတည်း အချိန်တိုအတွင်း လေ့လာသိရှိနိုင်ရန်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ဇေယျာသီရိမြို့ ရေဆင်းဆည်အနီး သိုက်ချောင်းလမ်းနံဘေးတွင် တည်ဆောက်ထားသည်။ ထိုဥယျာဉ်၏ ပြကွက်များက တိုင်းရင်းသားပြည်သူတို့အတွင်း ယဉ်ကျေးမှုချင်း ဆက်နွယ်ခံစား နီးကပ်စေနိုင်မည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း တိုးတက်ရင့်သန်ခိုင်မာစေမည့် အစီအစဉ်ဖြင့် ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပွဲလမ်းသဘင်တက်ရောက်ရန် ခဏတာလာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တည်းခိုအနားယူရာတွင် အဆင်ပြေစေရန်အတွက် ဟိုတယ်ဇုန်တစ်ခု သတ်မှတ်စီစဉ်ပေးခဲ့ရာ နိုင်ငံတော်၏ စေတနာအပေါ် ဖြည့်ဆည်းသည့်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများက ရွှေနန်းတော်၊ ရွှေမြန်မာ၊ ရွှေဧည့်သည်၊ သင်္ဂဟ၊ မြတ်တော်ဝင်၊ အမရ၊ ရှိုင်ရယ်ကုမုဒြာ၊ Mount Pleasant နှင့် ရတနာသိဃ်တို့အပါအဝင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီး ၁၀ခုကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းဟိုတယ်များအနက်မှ နေပြည်တော်ဥတ္တရသီရိမြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၆၀၀ကျော်တွင်ရှိသည့် ဖိုးဓောင်တောင်ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် နိုင်ငံတကာအဆင့်မီ Mount Pleasant ဟိုတယ်ကြီးကား နေပြည်တော်ပတ်လည် ရှုခင်းအလှကို အေးမြသည့် လေပြည်ရနံ့ကို ရှူရှိုက်ရင်းဖြင့် ပီပြင်စွာအနားယူခြင်းအရသာကို ခံစားသုံးသပ်နိုင်မည့် ဟိုတယ်ကြီးပင်ဖြစ်ပေသည်။ ထို့မျှမက နောက်ထပ်ဟိုတယ်ကြီး ရှစ်ခုကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိရာ မကြာမီ အလှချင်းပြိုင်ကြပေဦးတော့မည်။ ထို့ပြင် နေပြည်တော်သို့ ပြည်တွင်းမှလာရောက်ကြသည့် ဝန်ထမ်းဧည့်သည်များ၊ လူလတ်တန်းစား ဧည့်သည်များနှင့် ချွေတာခြိုးခြံလိုသူများအတွက်လည်း ဆန္ဒပြည့်ဝ ငွေကြေးကုန်ကျမှု သက်သာစေရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာကို အခန်းအဆောင်ပေါင်းများစွာဖြင့် တည်ဆောက် ဖြည့်ဆည်းပေးထားရာ ချိုသာပြီး သင့်တင့်သောဝန်ဆောင်မှုတို့ဖြင့် စိတ်ကျေနပ်မှုရကြသော ဧည့်သည်များကား နှစ်ထောင်းအားရပုံဖြင့် အပြုံးလှတို့ ဝင်းပနေကြတော့သည်။ ရှားပါးလှသော ဤဝန်ဆောင်မှုမျိုးကား နေပြည်တော်၏ သမိုင်းမှတ်တိုင်များအနက်မှ ထင်ရှားမှုတစ်ခုပင်ဖြစ်ပေမည်။ စီစီရီရီဖြင့် သွယ်တန်းလှပသော ဤဧည့်ရိပ်သာအပါအဝင် နေပြည်တော်ရှိ ဟိုတယ်များ၊ အဆောက်အအုံများကား မြန်မာအင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်တို့၏ လက်စွမ်းဖြင့် ရိုးရာတွင် မော်ဒန်သန်းကာ အံ့မခန်းလှပပါပေကြောင်း နိုင်ငံတကာမှ လာရောက်ကြသည့်ဧည့်သည်တို့ကပင် မှတ်ချက်ပြုခဲ့ကြတော့သည်။

ခေတ်မီမြို့တော်ကြီးတစ်ခုတွင် မပါမဖြစ်ပါဝင်ရမည့် လုပ်ငန်းတစ်ခုကား ဘဏ်လုပ်ငန်းပင်တည်း။ မြို့တော် အဆင့်မြင့်လာသည်နှင့်အမျှ ရောင်းရေးဝယ်တာ ငွေပေးချေမှုတို့တွင်လည်းကောင်း၊ ငွေလွှဲငွေထုတ်လုပ်ငန်းများတွင်လည်းကောင်း ပမာဏကြီးမားလာပေရာ ဘဏ်စနစ်က စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ပေသည်။ သို့ဖြစ်ရာ နေပြည်တော်တွင်လည်း ကြီးမားခံ့ထည်ပြီး ခေတ်မီလှပသော ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်၊ မြဝတီဘဏ်လီမိတက်၊ စည်ပင်သာယာရေးဘဏ်လီမိတက်နှင့် မြန်မာ့

နေပြည်တော် ဟိုတယ်ဇုန်၌ နိုင်ငံတကာအဆင့်မီဟိုတယ်ကြီး ၁၀ခုကို တည်ဆောက်ပေးထားရာ ဟိုတယ်ဇုန်ကို ဝေဟင်မှ ဤသို့ တွေ့ရသည်။

သော အပေါ်ထပ်ခန်းမကြီးက ဗိသုကာတစ်ခေတ်ကို စိန်ခေါ်တက်လှမ်းခဲ့တော့သည်။ အတွင်း၌ကား မြန်မာ့မြေပေါ်မှလွဲ၍ ကမ္ဘာ့မည်သည့်နေရာတွင်မျှ ရှာမတွေ့နိုင်လောက်အောင် ရှားပါးသည့် ပတ္တမြား၊ နီလာအစရှိသည့် ကျောက်မျက်ရတနာများ၊ အရည်အသွေးမြင့်ပြီး တန်ဖိုးကြီးမားလှသည့် ကျောက်စိမ်းများနှင့် မြန်မာ့အကြီးဆုံးပုလဲအား ခင်းကျင်းပြသထားသည်။ အပေါ်ထပ်ကို ပြခန်းအဖြစ် ခင်းကျင်းထားပြီး အောက်ထပ်ကို ကျောက်မျက်ရတနာ အရောင်းဆိုင်များဖြင့် ဖွဲ့စည်းထားရာ နေပြည်တော်သို့ လာရောက်သူ ပြည်တွင်းပြည်ပ ဧည့်သည်များအနေဖြင့် မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာများအကြောင်းကို ဤကျောက်မျက်ရတနာပြတိုက်ကြီးတွင် စေ့စေ့ပေါက်ပေါက် အချိန်ယူလေ့လာနိုင်သကဲ့သို့ ဆန္ဒရှိလျှင် တစ်ပါတည်းဝယ်ယူသွားနိုင်သော အခွင့်အလမ်းကို ရရှိကြပြီဖြစ်သည်။ ထို့အတူ ကျောက်မျက်ရတနာပြတိုက်ကြီး၏အနီး၌ပင် နိုင်ငံတကာအဆင့်မီ ခေတ်မီသေသပ်လှပသော ဒီဇိုင်းပုံစံဖြင့် မဏိရတနာကျောက်စိမ်းခန်းမ(Emporium Hall) ကိုလည်း တည်ဆောက်

နေပြည်တော်ရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) ကို ဝေဟင်မှ ဤသို့ တွေ့ရသည်။

နေပြည်တော်၌ ခေတ်မီလှပသည့် ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ထားသည့် ဘဏ်အဆောက်အအုံတစ်ခုကို ဤသို့ တွေ့ရသည်။

ဖြစ်သကဲ့သို့ အကြောင်းအရာမျိုးစုံဖြင့် လာရောက်ကြသည့် ပြည်ပဧည့်သည်များကိုလည်း ပြည်ထောင်စုကြီး၏ နှစ်ပရိစ္ဆေဒရှည်ကြာသော ကာလကတည်းက ရင့်ကျက်ခိုင်မာစွာ ဖြစ်တည်ခဲ့မှုကို သက်သေပြပေလိမ့်မည်။

### ဆောက်လုပ်ပေးထား

နိုင်ငံတော်၏လူမှုရေးဦးတည်ချက်(၄)ရပ်မှ "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် ဦးတည်ချက်အတိုင်း နေပြည်တော်သူ နေပြည်တော်သားတို့ ကျန်းမာကြံ့ခိုင်စေရေးအတွက် နှစ်သက်ရာအားကစားနည်းများကို လေ့ကျင့်ဆောင်ရွက်နိုင်ရန် ဘောလုံးကွင်း လေးကွင်း၊ ဘတ်စကက်ဘော လေးကွင်း၊ ဘော်လီဘော လေးကွင်း၊ တင်းနစ်ကွင်း ခြောက်ကွင်းတို့ကို ဆောက်လုပ်ပေးထားသည့်အပြင် ဘိလိယက်၊ ဘိုးလင်း အားကစားရုံများကိုလည်း တည်ဆောက်ပေးထားသည်။ ၎င်းပြင် ဇမ္ဗူသီရိမြို့တွင် ပရိသတ် ၃၀၀၀၀ဆံ့ ဇမ္ဗူသီရိ အဆင့်မြင့်အားကစားကွင်းနှင့် ဇေယျာသီရိမြို့တွင် ပရိသတ် ၃၀၀၀၀ဆံ့ ဇေယျာသီရိ အဆင့်မြင့်အားကစားကွင်းတို့ကို တည်ဆောက်လျက်ရှိရာ ပြီးစီးပါက အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများကို လက်ခံကျင်းပနိုင်မည်ဖြစ်သည်။

နေပြည်တော်တွင်နေထိုင်သူ ပြည်သူများ စားဝတ်နေရေးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများ၊ အသုံးအဆောင်များ လွယ်လင့်တကူ ဝယ်ယူနိုင်ရေးအတွက် ဈေးများကိုလည်း တည်ဆောက်ပေးထားပေရာ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ သီရိရတနာအဆင့်မြင့်ဈေး၊ မင်္ဂလာဈေး၊ အာဟာရသုခဈေးတို့တွင် ရောင်းဝယ်ဖောက်ကား စည်ကားနေသကဲ့သို့ မူလရှိပြီးဈေးတို့ကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အာဟာရသုခဈေးကား အံ့မခန်းဖွယ်ရာ ညလုံးပေါက်ဖွင့်လှစ်ရောင်းချသော ဈေးပင်ဖြစ်သည်။ ပုဗ္ဗသီရိမြို့နှင့် ဥတ္တရသီရိမြို့တို့တွင် ဈေးသစ်ကြီးများ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ နေပြည်တော် Junction Centre နှင့် ဇေယျာသီရိကုန်ပဒေသာတိုက်တို့ကလည်း နိုင်ငံတကာမှ ဈေးဆိုင်ကြီးများနည်းတူ တစ်နေရာတည်းတွင် လိုသမျှ တစ်ထိုင်တည်းရရှိနိုင်ရေး ပြည့်စုံစွာ ခင်းကျင်းရောင်းချပေးလျက်ရှိရာ နေပြည်တော်သူ နေပြည်တော်သားတို့အဖို့ ကြောင့်ကြမရှိ နှလုံးပီတိဂွမ်းဆီထိ ဖြစ်ရတော့သည်။ ဈေးဝယ်ရုံမျှမက အချိန်ပိုကလေးများရှိလျှင်သော်လည်းကောင်း၊ တစ်စုံတစ်ရာကို စောင့်ဆိုင်းရန်ရှိလျှင်သော်လည်းကောင်း ထိုဈေးအဆောက်အအုံအတွင်း ပါဝင်ဖွဲ့စည်းထားသည့် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် အပန်းဖြေကြည့်ရှုနိုင်ပေရာ နေပြည်တော်သားတို့ ခေတ်တစ်ခေတ်ကို ကျော်ဖြတ်နိုင်ခဲ့ကြပြီဖြစ်သည်။ ထို့မျှမက ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က တည်ဆောက်လျက်ရှိသည့် Capital Hypermarket (Nay Pyi Taw) ပြီးစီးခဲ့ပါမူ အနယ်နယ်အရပ်ရပ်မှ ဈေးလာဝယ်သူများဖြင့် စည်ကားသထက်စည်ကားမည့် အနာဂတ် နေပြည်တော်မြင်ကွင်းကား ကြည်နူးပီတိဖြစ်ဖွယ်ရာ အတိတည်း။

### အံ့မခန်းလှပ

ထိုသို့ နေပြည်တော်သူ နေပြည်တော်သားတို့ ပြည့်စုံစေရန် ဆောင်ရွက်ပေးရုံမျှနှင့် မပြီး ခရီးတစ်ထောက် လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှဧည့်သည်များ၊ နိုင်ငံတော်စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်တို့မှလုပ်ငန်းများ လည်ပတ်လျက်ရှိသကဲ့သို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်တို့ကိုလည်း တည်ဆောက်ဆဲဖြစ်သည်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကား နေပြည်တော်မှ ဤမည်သောဘဏ်တို့ကို ဖြတ်သန်းကာ အရှိန်အဝါကြီးသည့် ခေတ်တစ်ခေတ်ကို ဖြစ်ထွန်းလာပေဦးတော့မည်။

### လှုပ်ရှားသက်ဝင်

နေပြည်တော်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ မြို့တော်ပင်ဖြစ်ပေရာ နိုင်ငံတကာ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ Seminar များ၊ စာတမ်းဖတ်ပွဲများ၊ အထိမ်းအမှတ်အခမ်းအနားများကို လက်ခံကျင်းပရန် အသင့်ဖြစ်ရပေမည်။ သို့ဖြစ်၍ ဒက္ခိဏသီရိမြို့တွင် Myanmar International Convention Centre ကို တည်ဆောက်လျက်ရှိရာ မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်သည်။ ဤကြီးကျယ်ခမ်းနားလှသော အဆောက်အအုံကြီးကို အကြောင်းပြုလျက် အနာဂတ်ကာလနေပြည်တော်ကား နိုင်ငံတကာမှ ဆွေးနွေးပွဲလာ ရွှေဧည့်သည်များဖြင့် လှုပ်ရှားသက်ဝင်နေပေတော့မည်။

ထိုသော နိုင်ငံတကာဧည့်သည်များ စိတ်ဝင်စားဖွယ်ရာ ဇမ္ဗူသီရိမြို့ ဟိုတယ်ဇုန်အနီးတွင် တည်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gem Museum) ကြီးကား နေပြည်တော်၏ကျက်သရေဆောင်အဖြစ် တင့်တယ်ခံ့ညားစွာ တည်ရှိနေသည်။ ခေတ်မီဆန်းကြယ်သောဒီဇိုင်းနှင့် လှပဆန်းသစ်သော အသွင်အပြင်တို့အပြင် ကြီးမားကျယ်ပြန့်လှသော နံရံမှန်ချပ်ကြီးများနှင့် အတွင်းတိုင်လုံးမပါဘဲ ဖွဲ့စည်းထားသည့် ကျယ်ပြန့်လှစွာ

နေပြည်တော်အတွင်းရှိ လမ်းပိုင်းတစ်နေရာကို ပန်းအလှပင်များ ဝေဆာလျက် လမ်းလယ်ကျွန်းများဖြင့် ဤသို့ တွေ့ရသည်။

နေပြီဖြစ်ရာ နိုင်ငံတကာမှ မြန်မာ့ရတနာချစ်သူများအတွက် စိတ်ချမ်းမြေ့ဖွယ် သတင်းကောင်းသာ ဖြစ်တော့သည်။

### တန်ဆာဆင်လျက်

နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်သို့လာရောက်သူ ဂုဏ်သရေရှိဧည့်သည်တော်များနှင့် ဒေသတွင်း ဂေါက်သီးရိုက်ဝါသနာရှင်များအတွက် နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းများ ဖောက်လုပ်ပေးထားရာ ၁၈ကျင်းစီပါဝင်သည့် နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းတို့နှင့် ကိုးကျင်းစီပါဝင်သည့် ပေါင်းလောင်းဂေါက်ကွင်း၊ ရေဆင်းဂေါက်ကွင်း စသည့် ဂေါက်ကွင်းများ၊ မြို့တော်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၊ Royal Myanmar ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း စသည့် လေ့ကျင့်ရေးကွင်းများ တည်ရှိနေပေသည်။ ထို့ပြင် နေပြည်တော်ဇမ္ဗူသီရိမြို့တွင် ၃၆ကျင်းပါဝင်သည့် Royal Myanmar အဆင့်မြင့်ဂေါက်ကွင်းကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့တွင် ၁၈ကျင်းပါဝင်သည့် ရန်အောင်မြင်ဂေါက်ကွင်းကိုလည်းကောင်း တည်ဆောက်လျက်ရှိရာ နေပြည်တော်အလှကို ဂေါက်ကွင်းတို့၏ မြက်ခင်းစိမ်းမြမြတို့က တန်ဆာဆင်လျက် စိမ်းစိုသစ်လွင်စေတော့သည်။ ဤဂေါက်ကွင်းများတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် နေပြည်တော်မဟာသင်္ကြန် Tour Golf Cup ပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတော်အဆင့် ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ဤပြိုင်ပွဲများမှနေ၍ နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့ဆုကြေးစားဝင် ဂေါက်သီးရိုက် အားကစားသမားများ ထွက်ပေါ်လာမည်ဟုဆိုလျှင် မည်သူက ငြင်းနိုင်ပါအံ့နည်း။

နေပြည်တော်မှ ပြည်သူတို့အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးတို့က စိတ်နှလုံးပြည့်ဝစွာဖြင့် ၉၂ ဒသမ ၄၈ ရာနှုန်းတိုင်အောင် အနာဂတ်မျှော်တွေး ဆန္ဒမဲပေးခဲ့ကြသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်တည်လာတော့မည့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် ခံ့ညားဝင့်ထည်သော လွှတ်တော်အဆောက်အအုံကြီးကလည်း နေပြည်တော် ဇမ္ဗူသီရိမြို့တွင် ငြားငြားစွင့်စွင့်နှင့် အသင့်ဖြစ်နေပြီကို တွေ့မြင်ရပေသည်။ ဆန်းပြားသည့် ဗိသုကာ လက်ရာ၊ အနုစိတ်လှသည့် မြန်မာမှုအနုပညာလက်ရာတို့ဖြင့် လွှတ်တော်အဆောက်အအုံကြီးကား ကမ္ဘာတစ်ခွင်ပေါ်လွင်လာတော့မည့် မြန်မာ့အားအင်ကို ဖော်ပြနေသကဲ့သို့ ပတ်ဝန်းကျင်တစ်ခွင်လုံးကို အုပ်စီးလျက် ပေါ်ထွက်လာပေရာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးအတွက် အသင့်ဖြစ်နေသော နေပြည်တော်၏ဖွံ့ဖြိုးမှုအနှစ်သာရကို သူကပင် ပေါင်းချုပ်ဖော်ပြနေသလို ရှိတော့သည်။

နေလုံးကြီးကား အမှောင်ရိပ်တို့ကိုဖျောက်ရင်း အနွေးဓာတ်နှင့် အလင်းရောင်ကို ပူးတွဲမျှဝေလျက် တဖြည်းဖြည်းမြင့်တက်လာခဲ့ပေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ထိုနည်းတူ အဖျက်အမှောင့် မှောင်ရိပ်တို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လင်းရောင်ခြည် ပျက်ပြယ်စေခဲ့ပေပြီ။ ထိုလင်းရောင်ခြည် ယန္တရားကြီးကား ဖွံ့ဖြိုးမှုများစုစည်းရာ နေပြည်တော်ကိုဗဟိုပြုလျက် ပြည်ထောင်စုသားညီနောင်ဖွားတို့ တည်ထောင်ပြုသည့် ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ မောင်းနှင်ရှေးရှုနေသည်မှာ ထင်ရှားလှပါကြောင်း အတွေးဝတ်စုံကို ဆင်ယင်လျက် အိမ်သို့ အပြန်ခရီးနှင်ခဲ့မိပါတော့သည်။ ။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို မာန်အောင်ကျွန်းပတ်လမ်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းတွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် မာန် အောင်မြို့နယ် မာန်အောင်ကျွန်းပတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေး ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များတက်ရောက်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကျွန်းပတ်လမ်းကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ပက်ဖျန်းပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ကမ္ပည်းမော်ကွန်း ကျောက်စာ တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက်လမ်းဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျွန်းပတ်လမ်းကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

**ကွင်းဆင်းမှု**

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကိုကို နှင့်အဖွဲ့ဝင်များသည် မာန်အောင်မြို့နယ် အတွင်းရှိ ကမားတံတားနှင့် မိန်းမကြွယ် တံတားတို့၏ ကွင်းဆင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး ကြပြီး ကျွန်းပတ်လမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ထိုမှတစ်ဆင့် မာန်အောင် မြို့နယ် ကအီးကျေးရွာရှိ မာန်အောင်ကျွန်း ပတ်လမ်းဖွင့်ပွဲအခမ်းအနား မင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိကြရာ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင် များက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒေသဖွံ့ဖြိုးမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း မှာကြားသည်။

**အမှာစကား**

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျွန်းပတ်လမ်း ဖောက်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ရွှေပုံသာ ငွေပုံသာစခန်း၌ ကျင်းပသည့် မာန်အောင် ကျွန်းပတ်လမ်းဖွင့်ပွဲ အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ကအီးကျေးရွာအနီးရှိ ကအီးတံတားကို လည်းကောင်း၊ ဆားချက် ကျေးရွာအနီး (၁၆) ခုတင်ဆံ့ ဆားချက် တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုများကို လည်းကောင်း၊ မကျီးကုန်းကျေးရွာရှိ သောက်သုံးရေကန် တူးဖော်ထားရှိမှု အခြေ အနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် အဖွဲ့ဝင်များသည် မာန်အောင် မြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြကာ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား တွေ့ဆုံ အားပေးစကား ပြောကြားပြီး အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို မာန်အောင်ကျွန်း ပတ်လမ်း ဖွင့်ပွဲအခမ်းအနားတွင် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# မြန်ပြည်တစ်ဝန်းသာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသ များတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၀ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟားခါးမြို့နှင့် အမ်းမြို့တို့တွင် ၂ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်အနောက် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**ဖေဖော်ဝါရီ ၁၂ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာနေမည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** အများအားဖြင့် သာယာမည်။

# ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

*နေပြည်တော် ဖေဖော်ဝါရီ ၁၁*

*ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ Pandemic (H1N1) 2009 ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကူးစက်ရောဂါ တိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားသည်။ အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။*

*ရှင်းလင်း*

*ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး လက်ရှိအခြေအနေ၌ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့၌ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်ပွားမှုစသည့် အခြေအနေတို့ကို သုံးသပ်၍ ရောဂါဖြစ်ပွားပျံ့နှံ့မှု ကျယ်ပြန့်လာပါက ဆောင်ရွက်သွားရမည့် နည်းလမ်းများကို ရှင်းလင်းမှာကြားသည်။*

*ဆုံးဖြတ်ချက်ချမှတ်*

*ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ဆရာဝန်ကြီးများက ရောဂါကာကွယ်နှိမ်နင်းရေး အချိန်အပုန်မြှင့် ဆောင်ရွက် မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။* *(သတင်းစဉ်)*

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

(၁၃၇၁ခုနှစ် တပို့တွဲလကွယ်နေ့၊ ဥပုသ်နေ့)
၁၂-၂-၂၀၁၀
(သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၄၅ | ၁။ | (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၇း၄၅ | ၂။ | (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၁၅ | ၃။ | ပြည်ထောင်စုနေ့ ဂုဏ်ပြု ဆိုင်းအဖွဲ့ ဖျော်ဖြေတင်ဆက်မှု အစီအစဉ် |
| ၈း၃၀ | ၄။ | (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၄၀ | ၅။ | International News |
| ၈း၄၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၉း၀၀ | ၇။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ပြည်ထောင်စုနေ့ ဂုဏ်ပြု အစီအစဉ် |
| ၄း၂၅ | ၃။ | (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၄း၃၅ | ၄။ | ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်) |
| ၅း၁၀ | ၅။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၂၀ | ၆။ | ပဋ္ဌလက်ကျောင်းတော် |
| ၅း၄၅ | ၇။ | (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် |
| ၆း၀၀ | ၈။ | ညနေခင်းသတင်း |
| ၆း၁၅ | ၉။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၀။ | ရသစုံလင် အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၀) |
| ၇း၄၅ | ၁၂။ | ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု) |
| ၈း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်) |
| | ၁၅။ | အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(ကယားပြည်နယ်) |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၇) |
| | ၁၉။ | သီချင်းချစ်သူ(စည်သူလွင်) |
| | ၂၀။ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

မြန်မာ့အလင်း **ပရီမီယာလိဂ်သတင်း**

# အဲဗာတန်က ချယ်လ်ဆီးကို အနိုင်ကစား ထိပ်ဆုံးနေရာ မန်ယူခြိမ်းခြောက်လာပြန်

**မြင့်မောင်စိုး ➤ စုစည်းရေးသားသည်**



**လန်ဒန် ဖေဖော်ဝါရီ ၁၁**

ပရီမီယာလိဂ်ပွဲစဉ် ၂၆ ဘောလုံး ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချန်ပီယံမန်ယူတို့ အက်စ်တွန်ဗီလာ အိမ်ကွင်းသို့ သွားရောက် ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။

ပြိုင်ပွဲစသည်နှင့် နှစ်သင်းစလုံး အကြိတ်အနယ် ထိုးဖောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၁၉မိနစ်တွင် ကူလာကခေါင်းတိုက်ဂိုးဖြင့် အိမ်ရှင်ဗီလာအတွက် အဖွင့်ဂိုးသွင်း ယူခဲ့သည်။ ယင်းဂိုးသည် ၎င်း၏ ယခုနှစ်အတွင်း ခုနစ်ဂိုးမြောက် ပရီမီယာလိဂ်ဂိုးဖြစ် သည်။ သို့သော်လည်း ချေပဂိုးသွင်းနိုင်ရေး မန်ယူတို့တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၃မိနစ်တွင် ရိုင်ယန်ဂစ်၏ ဖြတ်တင်ဘောမှတစ်ဆင့် ဗီလာကစားသမား ဂျိမ်းစ် ကောလင်းနှင့်ထိပြီး ဂိုးဝင်သွားခဲ့သည်။ မန်ယူတို့ယခုနှစ် ဘောလုံးရာသီအတွင်း ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသော ဂိုးများဖြင့် ကံကောင်းနေခဲ့ရာ ယင်းဂိုးမှာ ၁၀ဂိုးမြောက် ကိုယ့်ဂိုးကိုယ်ပြန်သွင်းယူခဲ့သည့် ဂိုးဖြစ်သည်။

ပွဲချိန် ၂၈မိနစ်တွင် မန်ယူကစားသမား နာနီသည် အက်စ်တွန်ဗီလာကစား သမားပီထရော့ဗ်အား ကြမ်းတမ်းစွာ ကစားခဲ့မိ၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ နာနီသည် ယင်းအနီကတ်ဖြင့် ကာလင်းဖလား ဗိုလ်လုပွဲအပါအဝင်သုံးပွဲ အပယ်ခံရမည် ဖြစ်ကြောင်း သိရသည်။ ဒုတိယပိုင်းတွင် အနိုင်ဂိုးသွင်းနိုင်ရေး နှစ်သင်းစလုံး အကြိတ် အနယ် ကြိုးစားခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့သည်။

ချယ်လ်ဆီးအသင်းကို အနိုင်ရခဲ့၍ အဲဗာတန်အသင်းကစားသမားများ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

**ချယ်လ်ဆီးရှုံးပွဲကြုံ**

အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ချယ်လ်ဆီးအသင်းသည် အဲဗာတန်ကွင်း သို့သွားရောက်ကစားခဲ့ရာ အဲဗာတန်တိုက်စစ်မှူး လူးဝစ်ဆာဟာ၏ သွင်းဂိုးနှစ်ဂိုးကြောင့် အရှုံးနှင့် ပြန်ခဲ့ရသည်။ ချယ်လ်ဆီးက ပွဲချိန် ၁၇မိနစ်တွင် မာလူဒါက အဖွင့်ဂိုးသွင်းယူ ခဲ့သည်။

အဲဗာတန်တို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ တိုက်စစ်မှူး ဆာဟာက ပွဲချိန် ၃၃မိနစ်တွင်တစ်ဂိုး ၊ ၇၅မိနစ်၌တစ်ဂိုး သွင်းယူခဲ့သည်။

အာဆင်နယ်က အိမ်ကွင်း၌ ဒီယာဘိုင်၏ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးဖြင့် လီဗာပူးအားနိုင်ပြီး သုံးပွဲဆက်တိုက် အနိုင်မရခဲ့ခြင်းကို အဆုံးသတ်စေခဲ့ကာ ဖလား ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့သည်။

ဘလက်ဘန်းက အိမ်ကွင်း၌ ဟူးလ်စီးတီးကစားသမား မိုင်ပေးလ်၏ ကိုယ့်ဂိုး ကိုယ် ပြန်သွင်းဂိုးဖြင့်ကံကောင်းခဲ့သည်။ ဝက်စ်ဟမ်းတို့လည်း အိမ်ကွင်း၌ ဘာမင်ဂမ် ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်၍ အောက်ဆုံးသုံးသင်းမှ လွတ်မြောက်လာကာ နည်းပြ ဇိုလာ ဖိအားပေးခဲ့ရမှုမှ သက်သာရာရခဲ့သည်။ **(အင်တာနက်)**

## ပွဲစဉ်(၂၆)အပြီး ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၂၆ | ၁၈ | ၄ | ၄ | ၅၈ |
| ၂ | မန်ယူ | ၂၆ | ၁၈ | ၃ | ၅ | ၅၇ |
| ၃ | အာဆင်နယ် | ၂၆ | ၁၆ | ၄ | ၆ | ၅၂ |
| ၄ | လီဗာပူး | ၂၆ | ၁၃ | ၅ | ၈ | ၄၄ |
| ၅ | မန်စီးတီး | ၂၄ | ၁၂ | ၈ | ၄ | ၄၄ |
| ၆ | စပါး | ၂၆ | ၁၂ | ၇ | ၇ | ၄၃ |
| ၇ | အက်စ်တွန်ဗီလာ | ၂၅ | ၁၁ | ၉ | ၅ | ၄၂ |
| ၈ | ဘာမင်ဂမ် | ၂၅ | ၁၀ | ၇ | ၈ | ၃၇ |
| ၉ | အဲဗာတန် | ၂၅ | ၉ | ၈ | ၈ | ၃၅ |
| ၁၀ | ဖူလ်ဟမ် | ၂၆ | ၉ | ၇ | ၁၀ | ၃၄ |
| ၁၁ | ဘလက်ဘန်း | ၂၆ | ၈ | ၇ | ၁၁ | ၃၁ |
| ၁၂ | စတုတ်စီးတီး | ၂၄ | ၇ | ၉ | ၈ | ၃၀ |
| ၁၃ | ဆန်းဒါးလန်း | ၂၅ | ၆ | ၈ | ၁၁ | ၂၆ |
| ၁၄ | ဝက်စ်ဟမ်း | ၂၅ | ၅ | ၉ | ၁၁ | ၂၄ |
| ၁၅ | ဝူလ်ဗာဟမ်တမ် | ၂၅ | ၆ | ၆ | ၁၃ | ၂၄ |
| ၁၆ | ဝီဂန် | ၂၄ | ၆ | ၆ | ၁၂ | ၂၄ |
| ၁၇ | ဟူးလ်စီးတီး | ၂၆ | ၅ | ၉ | ၁၂ | ၂၄ |
| ၁၈ | ဘန်လေ | ၂၅ | ၆ | ၅ | ၁၄ | ၂၃ |
| ၁၉ | ဘော်လ်တန် | ၂၄ | ၅ | ၇ | ၁၂ | ၂၂ |
| ၂၀ | ပို့စ်မောက် | ၂၅ | ၄ | ၄ | ၁၇ | ၁၆ |

(အင်တာနက်)

## အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

### ဟာဘရီဂတ်စ် ဘာကာသို့ ပြောင်းရန် သဘောတူညီ

*အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် လာမည့်ဘောလုံးရာသီတွင် ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရန် ပဏာမသဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း အင်တာနက်၌ ဖော်ပြသည်။*

### ရိုးမားမှ လူငယ်ကြယ်ပွင့်နှစ်ဦးကို ခေါ်ယူရန် မန်ယူကြိုးပမ်း

*မန်ယူအသင်းသည် ရိုးမားအသင်းမှ အသက် ၁၅နှစ်အရွယ် လူငယ် ကြယ်ပွင့်နှစ်ဦးဖြစ်သည့် ဗာလီရီယိုဗာရီနှင့် ဖိလစ်ပိုစီပရီယာနီတို့ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။*

### ရီပီရို့စ်အား ဝီဂန်နှင့်ဆန်းဒါးလန်းတို့က ခေါ်ယူဖွယ်

*ပါရာဂွေးလက်ရွေးစင်အသင်းနှင့် မက္ကဆီကိုအသင်း ခရုဇ်အဇူးလ်မှ ကွင်းလယ်ကစားသမား ခရစ္စတီယန်ရီပီရို့စ်အား လာမည့်ရာသီတွင် ဝီဂန်နှင့် ဆန်းဒါးလန်းတို့က ခေါ်ယူရန်ကြိုးပမ်းဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။*

### တိုက်စစ်မှူး ချာမက်ချ် အာဆင်နယ်နှင့်စာချုပ်

*အာဆင်နယ်အသင်းသည် ဘော်ဒိုးတိုက်စစ်မှူး မာရိုနီချာမက်ချ်အား စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြင့် လီဗာပူးအသင်းထက် လက်ဦးမှုရယူနိုင်ခဲ့ကြောင်း၊ ချာမက်ချ်သည် အာဆင်နယ်အသင်း၌ တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀ရရှိမည့် ငါးနှစ်သက်တမ်းရှိစာချုပ်ကို ချုပ်ဆိုခဲ့ဖွယ်ရှိကြောင်း သည်မေးလ်၌ ဖော်ပြသည်။*

### ဂျိုဗန်နီဗစ် လီဗာပူးသို့ပြောင်းရန် သဘောတူညီ

*ဆားဘီးယားကွင်းလယ်ကစားသမား ဂျိုဗန်နီဗစ်သည် မန်စီးတီးနှင့် ဘာမင်ဂမ်တို့က ခေါ်ယူရန် ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပြီး ယခုနွေရာသီတွင် လီဗာပူးသို့ ပြောင်းရွှေ့ရန် သဘောတူညီခဲ့ကြောင်း သည်မေးလ်၌ ဖော်ပြသည်။*

### စတီဗင်အိုင်ယာလန် အသင်းသစ်သို့ ပြောင်းရွှေ့ရဖွယ်

*မန်စီးတီးနည်းပြ မန်စီနီ၏ အစီအစဉ်အရ အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့ရဖွယ်ရှိသည်ဟု မန်စီးတီးတွင် နေရာမရဖြစ်နေသော ကွင်းလယ်ကစားသမား စတီဗင်အိုင်ယာလန်က ဝန်ခံပြောကြားခဲ့ကြောင်း သည်တိုင်းမ်စ်၌ ဖော်ပြသည်။*

### စာချုပ်သက်တမ်းကုန်ပါက ဂါးလက်စ် အာဆင်နယ်မှ ထွက်ခွာဖွယ်

*အာဆင်နယ်ခံစစ်မှူး ဝီလျံဂါးလက်စ်သည် အသင်းနှင့် ချုပ်ဆိုထားသော နှစ်ရှည်စာချုပ်သက်တမ်း ကုန်ဆုံးပါက အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သည်မေးလ်၌ ဖော်ပြသည်။*

### ချယ်လ်ဆီး၏ ပစ်မှတ် ဘာကာမှ အဲလ်ဗက်စ်ဖြစ်လာဖွယ်

*ချယ်လ်ဆီးအသင်း၏ နွေရာသီ ပထမဦးဆုံးပစ်မှတ်မှာ ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀တန် ညာနောက်ခံလူ ဒါနီအဲလ်ဗက်စ် ဖြစ်လာဖွယ်ရှိကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။*

### စီရိုနယ်ဒိုအားခေါ်ယူရေး ဘာကာနှင့်အင်တာ အပြိုင်ကြိုးပမ်း

*ရီရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုအား ခေါ်ယူရန် ဘာစီလိုနာနှင့် အင်တာမီလန်တို့ အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း စပင်းနစ်ချ်ယူရိုစပေ့၌ ဖော်ပြသည်။*

### ရီဘာရီအား အွန်နရီက ဘာကာသို့ပြောင်းရန် ပြောကြားခဲ့ဖူး

*ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ဖရန့်ခ်ရီဘာရီက ၎င်းအား ဘာစီလိုနာအသင်းမှ ၎င်း၏ ပြင်သစ်ကစားဖော် အွန်နရီက ဘာစီလိုနာသို့ပြောင်းရွှေ့ရန် တိုက်တွန်းပြောကြားခဲ့ဖူးသည်ဟု ဝန်ခံပြောကြားခဲ့ကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။*

### လီဗာပူးအသင်းကို လွှဲပြောင်းရယူရန် အမ်ဘာနီပစ်မှတ်ထား

*လီဗာပူးအသင်းကို ကမ္ဘာ့သတ္တုမ အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်သည့် အိန္ဒိယနိုင်ငံမှ မူကက်ချ်အမ်ဘာနီက လွှဲပြောင်းရယူရန် ပစ်မှတ်ထားနေကြောင်း သည်တိုင်းမ်စ်၌ ဖော်ပြသည်။*

### ဘော့ဂ်ဟာရာအား ခေါ်ယူရန် ဘာကာနှင့်ဆီဗီလာ ပစ်မှတ်ထား

*အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သော ရိန်းဂျားခံစစ်မှူး မက်ဂျစ်ဒ်ဘော့ဂ်ဟာရာအားခေါ်ယူရန် ဘာစီလိုနာနှင့် ဆီဗီလာတို့က ပစ်မှတ်ထားနေကြကြောင်း ဒေးလီးရက်ကော့ဒ်၌ ဖော်ပြသည်။*

### တူရကီနည်းပြအဖြစ် တာဝန်ယူရန် မာ့ခ်ဟူချ် ကြံရွယ်နေ

*လွန်ခဲ့သော နှစ်လက မန်စီးတီးအသင်းမှ နုတ်ထွက်ခဲ့သော မန်စီးတီးနည်းပြ မာ့ခ်ဟူချ်သည် တူရကီလက်ရွေးစင်အသင်း၏ နည်းပြအဖြစ်တာဝန်ယူရန် ကြံရွယ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။*

---

# ရီရဲမက်ဒရစ်ရောက် စီရိုနယ်ဒို၏ ရင်ခုန်ဖွယ်အနာဂတ်

ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

**မက်ဒရစ် ဖေဖော်ဝါရီ ၁၁**

မန်ယူတောင်ပံကစားသမားဟောင်း စီရိုနယ်ဒို ရီရဲမက်ဒရစ်၌ ကစားရသည်မှာ မပျော်ပိုက်ဟု သတင်းထွက်ပေါ်လာသည်။ မန်ယူနှင့်အတူ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော စီရိုနယ်ဒို၊ ဖီဖာ၏ ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့သည့် စီရိုနယ်ဒို၊ ကမ္ဘာပေါ်တွင် နောက်တန်းခံစစ်မှူးများ ထိန်းချုပ်ရအခက်ခဲဆုံး တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုအတွက် ဘာနေဗျူးသည် အောင်မြေမဟုတ်တော့ပြီလော။

**ရီရဲမက်ဒရစ်တွင် မပျော်ပိုက်တော့ဟု ဆိုလာသော စီရိုနယ်ဒို။** (အင်တာနက်ဓာတ်ပုံ)

**ပြောင်းမည်**

ရီရဲမက်ဒရစ်မှ ပြောင်းရွှေ့လိုသည်ဟု စီရိုနယ်ဒိုက သူ့ဆရာအရင်း ဖာဂူဆန်နှင့် ဖုန်းပြောစဉ် ဖွင့်ဟခဲ့သဖြင့် ယင်းသတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။ ဖာဂူဆန်က သူ့တပည့်ကို ဘာနေဗျူး၌ အချိန်အတိုင်းအတာ တစ်ခုအထိ ဆက်နေရန် အကြံပြုခဲ့သည်ဟုဆိုသည်။ ဖာဂူဆန် အကြံပြုစကားက စီရိုနယ်ဒိုအတွက်ရော မန်ယူအတွက်ပါ အကျိုးပြုစေနိုင်သည့် အချက်ပင်ဖြစ်သည်။

**စာချုပ်ခဲ့**

ရီရဲမက်ဒရစ်နှင့် မန်ယူတို့ စာချုပ်ခဲ့ရာတွင် စီရိုနယ်ဒို အနေဖြင့် ရီရဲမက်ဒရစ်သို့ ရောက်ရှိချိန်မှ စတင်ကာ မန်ယူနှင့် ငွေကြေးဆိုင်ရာ ပတ်သက် ဆက်စပ်ခြင်းမရှိစေရ၊ ထို့အတူ ရီရဲမက်ဒရစ်ကလည်း လေးနှစ်အတွင်း မန်ယူကလွဲပြီး အခြားပရီမီယာလိဂ်အသင်းတစ်သင်းသို့ ရောင်းချခြင်း မပြုရဟူသော အချက်ပါရှိထားသည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၈ရက်၌ သဘောတူညီချက်အရ ရီရဲမက်ဒရစ်သို့ ကမ္ဘာ့ပြောင်းရွှေ့ကြေးစံချိန်သစ် ပေါင် သန်း၈၀ဖြင့် ရောက်ရှိလာသော စီရိုနယ်ဒိုကို ဘာနေဗျူးပရိသတ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ စပိန်အားကစားမီဒီယာများကလည်း အထူးဦးစားပေးဖော်ပြ အမွှမ်းတင်ခဲ့ကြသည်။ စီရိုနယ်ဒို တစ်ယောက် ရီရဲမက်ဒရစ်ရောက်စအချိန်၌ မျှော်လင့်ချက်သစ်များဖြင့် ရင်ခုန်ခဲ့ရသည်။ သို့သော် လက်တွေ့၌ စီရိုနယ်ဒို မျှော်လင့်သလို ဖြစ်မလာခဲ့ပါချေ။

**ပွဲကစားမှု**

စီရိုနယ်ဒို ရီရဲမက်ဒရစ်သို့ ရောက်ချိန်တွင် အဓိက ရင်ဆိုင်ကြုံတွေ့ရမှုမှာ ပထမပွဲထွက် ကစားသမားအဖြစ် ရပ်တည်ရေးပင်ဖြစ်သည်။ စီရိုနယ်ဒိုကို ပထမပွဲထွက် ကစားသမားစာရင်းသွင်းခဲ့သည်။ အဓိက ကစားသမား အဖြစ်လည်း သတ်မှတ်ခဲ့သည်။ သို့သော် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် ၂၁ပွဲ ကစားခဲ့ပြီးချိန်၌ စီရိုနယ်ဒို၁၂ပွဲသာ ကစားခဲ့ရသည်။ ဒဏ်ရာရခဲ့သည့် အချိန်ရှိခဲ့သော်လည်း ပွဲအတော်များများ၌ ချန်လှပ်ခြင်း ခံခဲ့ရသည်။

**စွမ်းရည်**

စီရိုနယ်ဒို၏ ခြေစွမ်းက မကျခဲ့။ လာလီဂါ၌ ရီရဲမက်ဒရစ်အတွက် ၁၂ပွဲကစားပေးခဲ့ရာတွင် ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တစ်ပွဲလျှင်တစ်ဂိုးနီးပါးဖြစ်သည်။ စီရိုနယ်ဒို၏ စွမ်းရည်ကို ရီရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌ ပီရက်ဇ်အားရခဲ့သည်။ ယုံကြည်မှုရှိခဲ့သည်။ သို့သော် ရီရဲမက်ဒရစ်နည်းပြ လုပ်ပိုင်ခွင့်ကိုတော့ မကျော်လွန်ခဲ့။ နည်းပြကမူ စီရိုနယ်ဒို၏ ခြေစွမ်းကို အသိအမှတ်ပြုသော်လည်း တစ်ဦးကောင်းကစားမှုကို ဘဝင်မကျဟု ဆိုသည်။

**ပြောင်းရွှေ့လို**

စီရိုနယ်ဒိုက မိမိအနေဖြင့် အသင်းပြောင်းရွှေ့ရာတွင် ပရီမီယာလိဂ်ထက် စပိန်လာလီဂါကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။ ရီရဲမက်ဒရစ်၏ ပြိုင်ဘက် ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရန် စကားဦးသန်းနေသည်။ စီရိုနယ်ဒို၏သတင်း အလှူပ်အခတ်ကြောင့် မော်ရင်ဟိုကလည်း စိတ်ဝင်စားနေသည်။ အခြေအနေကိုစောင့်ကြည့်နေကြောင်း၊ စီရိုနယ်ဒိုကို မိမိသဘောကျကြောင်း မော်ရင်ဟိုက ပြောကြားသည်။

အသက် ၂၅နှစ်သာ ရှိသေးသည့် စီရိုနယ်ဒိုကို ခေါ်ယူလိုသည့် ထိပ်တန်းကလပ် အသင်းများကလည်း နားစွင့်နေကြသည်။ သို့သော် ရီရဲမက်ဒရစ်ကလပ် ဥက္ကဋ္ဌ ပီရက်ဇ်က စီရိုနယ်ဒိုနှင့် ချုပ်ဆိုထားသော စာချုပ်ပါ အချက်များမှ မည်သည့်အချက်ကိုမျှ အလျှော့ပေးမည် မဟုတ်ဟု ပြောကြားနေ၍ စီရိုနယ်ဒို၏အနာဂတ်ကား ရင်ခုန်ဖွယ်အတိပင်....။ ။ **ကိုးကား-အင်တာနက်**

---

## လာမည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ရော်နယ်ဒင်ဟို လွဲချော်ဖွယ်ရှိ

**ဘရာဆီးလီးယား ဖေဖော်ဝါရီ ၁၁**

ဘရာဇီးဘောလုံးကြယ်ပွင့် ရော်နယ်ဒင်ဟိုသည် တောင်အာဖရိက၌ လာမည့်နွေရာသီတွင် ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးကစားမည့်ပွဲများ၌ ပယ်ထားသည့်အတွက် ကမ္ဘာ့ဖလားတွင်လည်း လွဲချော်နိုင်ဖွယ်ရှိကြောင်း ဘရာဇီးမီဒီယာက ပြောကြားသည်။



ဘရာဇီးအသင်းနှင့် အိုင်ယာလန်အသင်းတို့သည် မတ်၂ရက်တွင် အာဆင်နယ်ကွင်း အီးမရိတ်၌ ချစ်ကြည်ရေးကစားကြမည်ဖြစ်ရာ ရော်နယ်ဒင်ဟိုပါဝင်မည် မဟုတ်ဟု ဆိုသည်။

**ခြေစွမ်းပြ**

အသက် ၂၉နှစ်ရှိ ရော်နယ်ဒင်ဟိုသည် ၂၀၀၉ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး ဘရာဇီးအသင်းတွင် ကစားခွင့် မရတော့ပေ။ အေစီမီလန်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုသည် ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလား ဘရာဇီး ဆွတ်ခူးစဉ် အသင်းခေါင်းဆောင်အဖြစ် ခြေစွမ်းပြ ပါဝင်ကစားခဲ့သူဖြစ်သည်။

**(အင်တာနက်)**

## ဝက်စ်ဟမ်းအခြေအနေ ပိုဆိုးရွားလာနိုင်ဟု ဇိုလာ ဖွင့်ဟ

လန်ဒန် ဖေဖော်ဝါရီ ၁၁

**ဝက်စ်ဟမ်းအသင်းသည် အကြွေးပြဿနာကို ဖြေရှင်းနိုင်ရန် ကစားသမားများနှင့် ဝန်ထမ်းများကို ပေးရသည့် လုပ်ခလစာမှ ဖြတ်တောက်သွားမည်ဟု အသင်းပိုင်ရှင်များက ပြောကြားခဲ့ခြင်းအပေါ် နည်းပြဇိုလာက ပိုမိုဆိုးရွားလာသည့် အခြေအနေ ဖြစ်လာနိုင်ကြောင်း ပြောကြားလိုက်သည်။**

**ဝက်စ်ဟမ်းအသင်းသည် ပေါင်သန်း ၁၁၀ အကြွေးတင်နေသည်။ ယင်းအတွက် အသင်းပိုင်ရှင်များက ကစားသမားများနှင့် ဝန်ထမ်းများ၏ လုပ်ခလစာမှ ၂၅ရာခိုင်နှုန်းဖြတ်တောက်ရန် စီစဉ်လျက်ရှိသည်။** (အင်တာနက်)

## ဟာဒီနန် နှစ်ပွဲပယ်သော်လည်း ကာလင်းပိုလ်လုပွဲ၌ ပါဝင်မည်

**လန်ဒန် ဖေဖော်ဝါရီ ၁၁**

မန်ယူနောက်တန်းခံစစ်မှူး ဖာဒီနန်သည် ဇန်နဝါရီလက ဟူးလ်စီးတီးနှင့် ကစားစဉ် ဟူးလ်စီးတီးမှ ခရိတ်ဖာဂန်နှင့် အချင်းဖြစ်ပွားခဲ့သည့်အတွက် အက်ဖ်အေက သုံးပွဲ ပိတ်ပင်ထားသည်။

သို့သော်လည်း ဖာဒီနန်၏ တစ်ပွဲပိတ်ပင်မှုလျှော့ပေးရန် မေတ္တာရပ်ခံချက်မတိုင်မီ အက်ဖ်အေက လျှော့ပေးလိုက်သဖြင့် နှစ်ပွဲသာ အပယ်ခံရတော့မည်ဖြစ်သည်။

အသက် ၃၁နှစ်ရှိ ဖာဒီနန်သည် အက်စ်တွန်ဗီလာနှင့် အဲဗာတန်တို့ပွဲများနှင့် လွဲချော်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ရက်တွင် ကစားမည့် ကာလင်းဖလား ဗိုလ်လုပွဲ၌မူ ပါဝင် ကစားနိုင်မည်ဖြစ်သည်။

**(အင်တာနက်)**

---

**မန်စီးတီးအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး တီဗက်ဇ်က ပယ်နယ်တီမှ တစ်ဆင့် ဤသို့သွင်းယူခဲ့သည်။**

## မန်စီးတီး ပဉ္စမနေရာတက်လာ ဒင်ဒိန်း၏ဂိုးဖြင့် ပို့စ်မောက်တစ်မှတ်ရခဲ့

လန်ဒန် ဖေဖော်ဝါရီ ၁၁

**ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးက အိမ်ကွင်း၌ ဘော်လ်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အမှတ်ပေးဇယား ပဉ္စမနေရာသို့ ရောက်ရှိလာသည်။**

**မန်စီးတီးအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး တီဗက်ဇ်က ပွဲချိန် ၃၂မိနစ်တွင် ပယ်နယ်တီမှ တစ်ဂိုး၊ အဒီဘာယောက ၇၃မိနစ်၌ တစ်ဂိုးသွင်းယူပေးခဲ့သည်။ မန်စီးတီး အသင်းသည် ၂၄ပွဲ ကစားပြီး ရမှတ် ၄၄မှတ်ဖြင့် ပဉ္စမနေရာ၌ ရှိနေသည်။ သို့သော်လည်း စတုတ္ထနေရာရှိ လီဗာပူးအသင်းနှင့် ရမှတ်ချင်းတူနေသည်။ လီဗာပူးက ၂၅ပွဲကစားပြီး ရမှတ် ၄၄မှတ် ရထားခြင်းဖြစ်သည်။**

ဖူလ်ဟမ်နိုင်

**ဖူလ်ဟမ်က အိမ်ကွင်း၌ မာဖီလ်၊ အီလ်အမ်နှင့် ဇာမိုရာတို့၏ ဂိုးများဖြင့် ဘန်လေကို ပြတ်ပြတ်သားသား အနိုင်ယူလိုက်သည်။ ဖူလ်ဟမ်တို့ သုံးဂိုးပြတ်ဖြင့်နိုင်ခဲ့၍ အမှတ်ပေးဇယား အဆင့်ကိုးသို့ ရောက်ရှိလာသည်။**

ပို့စ်မောက်သရေ

**ပို့စ်မောက်က အိမ်ကွင်း၌ ဆန်းဒါးလန်းအသင်းကို လက်ခံကစားခဲ့ရာ ဒါရင်ဘင့်က ဆန်းဒါးလန်းအတွက် ပွဲစပြီး ၁၂မိနစ်အကြာတွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ သို့သော် ပွဲသိမ်းလေလွှင့်ချိန်တွင် ဒင်ဒိန်း၏ချေပဂိုးဖြင့် ရမှတ် တစ်မှတ်ကို ပို့စ်မောက် အတွက် ရယူပေးနိုင်ခဲ့သည်။**

ရှုံးပွဲမရှိစံချိန်

**စတုတ်စီးတီးအသင်းသည် ဝီဂန်အိမ်ကွင်း၌ သွားရောက်ကစားရာ တူရကီ တိုက်စစ်မှူး ဆန်လီ၏ ခေါင်းတိုက်ချေပဂိုးဖြင့် ၂၀၁၀ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ အိမ်ရှင်ဝီဂန်အတွက် အဖွင့်ဂိုးကိုမူ ပေါ်စချာနာက ပွဲစပြီးမကြာမီ သွင်းယူပေးနိုင်ခဲ့သည်။** (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ
# သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရန် ပြင်ဆင်မှုကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၁၁

**မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဖေ့ဖဝါရီ ၂၇ရက် နံနက် ၁၀နာရီက မန္တလေးကန်တော်ကြီး အပန်းဖြေဥယျာဉ် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်နေမှုများနှင့် အဋ္ဌမအကြိမ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ဝဲပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကန်တော်ကြီး အပန်းဖြေဥယျာဉ်သို့ရောက်ရှိလာရာ အဋ္ဌမအကြိမ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲအတွက် ကန်တော်ကြီး အပန်းဖြေဥယျာဉ်စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးနှင့် ဌာနခွဲမှူးတို့ကလည်းကောင်း၊ ကွပ်ကဲရေးရုံး၊ ဌာနဆိုင်ရာပြခန်းများနှင့် မုခ်ဦးတည်ဆောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနခွဲမှူးကလည်းကောင်း၊ အပန်းဖြေဥယျာဉ်အဝင်၊ အထွက်လမ်း ကတ္တရာခင်းကျင်းပြီးစီးမှု အခြေအနေကို လမ်းတံတားဌာန ခေတ္တဌာနမှူးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကျင်းပမည်**

အဋ္ဌမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ စတင်၍ ကျင်းပမည်ဖြစ်သည်။

(၃၁၃)

# ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ဖြစ်ပေါ်ရေး စာအုပ်စာစောင် လှူဒါန်းပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ရပ်ညီ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် ပြည်မြို့ လက်သမားလမ်း အမှတ် ၉၁နေ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့် ညီများက ငွေကျပ်သုံးသိန်း တန်ဖိုးရှိ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် မျိုးစုံ ၅၅၅အုပ် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီက ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့် လက်ခံယူကာ ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုလက်မှတ် ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေးလုပ်ငန်းကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှကြည် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

# သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# အရာတော် အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

*အရာတော် ဖေဖော်ဝါရီ ၉*

*စစ်ကိုင်းတိုင်း အရာတော်မြို့ အထကတွင် ၁၉၅၄ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အသက် ၆၀နှင့်အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို မတ် ၂၉ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် အရာတော် အထက ဆရာစံခန်းမ၌ ကျင်းပမည်ဖြစ်သည်။*

***ဆက်သွယ်လှူဒါန်းနိုင်***

*ဆရာ ဆရာမကြီးများ ဖိတ်စာရရှိသည်ဖြစ်စေ မရရှိသည်ဖြစ်စေ တက်ရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မည်သည့်နှစ် ကျောင်းသားမဆို မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး မြတ်ဆရာပူဇော်ပွဲ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် အရာတော်မြို့တွင် ဦးကျော်ဆွေ ဖုန်း-၀၉-၆၈-၁၀၇၁၀နှင့် ဦးချစ်ထွန်း ဖုန်း-၀၉-၆၈-၁၉၂၇၀၊ ရန်ကုန်မြို့တွင် ဦးညွန့်ရွှေ ဖုန်း-၀၉ -၅၀-၇၉၁၉၂နှင့် ဦးကျော်လွင် ဖုန်း- ၀၉-၅၄-၀၄၁၆၅၊ မန္တလေးမြို့တွင် ဦးအောင်နိုင် ဖုန်း-၀၉-၂၂-၂၅၂၆၉နှင့် ဦးကျော်ဆွေ ဖုန်း-၀၂-၆၅၀၈၃၊ မုံရွာမြို့တွင် ဒေါက်တာဝင်းအောင် ဖုန်း-၀၉-၂၀-၂၅၃၈၄နှင့် ဦးချမ်းဆောင် ဖုန်း-၀၉-၂၁-၃၀၃၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။* ***(မြန်မာ့အလင်း)***

# ကျောက်စရစ် မြေသားလမ်းခင်း

ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြတ်သက်နှင်း ဦးဆောင်၍ အမှတ်(၅)ရပ်ကွက် စာရိတ္တလမ်း မြေနီကျောက်စရစ်မြေသားလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ဂျာနယ်နှင့် မဂ္ဂဇင်း ထုတ်ဝေသူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၄ရက်နှင့် ၈ရက်တို့တွင် မက်ဆင်ဂျာ ဂျာနယ် ထုတ်ဝေသူ ဦးဇော်မင်းအေး(မိုးဆန်းပန်း) က ငွေကျပ်၃၀၀၀၀၀နှင့် ပရင်းဆက် မဂ္ဂဇင်းထုတ်ဝေသူ ကိုင်ဇာ (ခ) ဦးညီညီဝင်း(သီတာဒေဝီ ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်)က ငွေကျပ် ၄၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်)၊ ဗဟိုအမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)နှင့် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)တို့က လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားကြသည်။ **(သတင်းစဉ်)**

# ကတ္တရာခင်း

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော နွားတောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးဝင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်သင်းစု ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

# လောက်ကိုင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်/ကလေးအသင်း မိဘမဲ့ကလေးများအား အာဟာရနှင့် အဝတ်အထည်များ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

လောက်ကိုင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မေတ္တာရင်ခွင် မိဘမဲ့ကလေးများဂေဟာ၌ မိဘမဲ့ကလေးများအား အာဟာရနှင့်အဝတ်အထည်များ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါဂေဟာခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နှင်းသန္တာဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

**လှူဒါန်း**

ထို့နောက် ကလေးငယ်များအတွက် အာဟာရပစ္စည်းများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်စုစုလှိုင်ကလည်းကောင်း၊ အဝတ်အထည်များကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နှင်းသန္တာဦးက လည်းကောင်း လှူဒါန်းရာ ဂေဟာတာဝန်ခံက လက်ခံယူသည်။

**ပြုလုပ်ပေး**

ထို့နောက် မိဘမဲ့ကလေးများအား ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြီးကြပ်ဆောင်ရွက်

ညောင်တုန်းမြို့နယ် စည်ပင် သာယာရေး အဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ညောင်တုန်းမြို့ အဝင် ရဲမာန်ဟုန် လမ်း ကတ္တရာ ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၅၂)

# မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

## ★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
## ★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

## ★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
## ★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
## ★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

# (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ဖွင့်လှစ်

# အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီးရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) မုခ်ဦးရှေ့၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။ စာမျက်နှာ ၄ ကော်လံ ၁ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ပြသထားသော အထင်ကရ နေရာပြကွက်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာ့အလင်း (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု


❖ ရေကိုသား၍ အကြားမထင်သော ချစ်ခင်စည်းလုံး ညီညွတ်မှုဖြင့်သာ — လှိုင်အောင်၏ ဆောင်းပါး စာ-၈၊ ၉

❖ အားမာန်နိုးကြွ လုပသစ်ဆန်း ရွှေရောင်လွှမ်းသည့် နေပြည်တော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများ — လှိုင်ဘွား(ပါရမီ)၏ သတင်းဆောင်းပါး စာ- ၆၊ ၇၊ ၁၀

❖ အိမ် — ဟသ်ာတမြင့်ငွေ၏ ကဗျာ စာ-၈

❖ လူဆိုရင်.... — ကျော်သူဟိန်း၏ ကာတွန်း စာ-၉